မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်၊ ၂၀၀၉ ခုနှစ်၊ မေ ၁၈ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၂၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး စစ်ကိုင်းတိုင်းအတွင်းရှိ မြို့နယ်များ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မေ ၁၂ရက် နံနက်ပိုင်းတွင် ဖောင်းပြင်မြို့ နယ်မြေခံတပ်ရင်းခန်းမ၌ နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံပြီး ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဖောင်းပြင်မြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လူနာများအား ထောက်ပံ့ငွေများကို ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✱

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ပင်လည်ဘူးမြို့ နမ္မားချောင်းကူး ဘေလီတံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သာစည်မြို့နယ် ရှမ်းရွာအနီး ခရိုင်ချင်းဆက် အမှတ် (၂) လမ်းမကြီး ကျောက်ချောလမ်းအဖြစ် ခင်းကျင်းဖောက်လုပ်လျက် ရှိသည်ကို ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

ခရိုင်ချင်းဆက် အမှတ်(၂)လမ်းမကြီး အရှိန်အဟုန်မြှင့် ဖောက်လုပ်နေ ဒေသခံ ကျေးလက်ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်

သတင်းခရီးသည် - မြင့်မောင်စိုး ▼ ဓာတ်ပုံမှတ်တမ်း - မောင်မောင်သန့် ▼ စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး

နေပြည်တော် မေ ၁၇

နိုင်ငံတော်အစိုးရက ကျေးလက်ဒေသနေပြည်သူများ၏ လူမှုဘဝတိုးတက်မြင့်မားရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် ချမှတ်လျက် အကောင်အထည်ဖော် ဆောင်ကြဉ်းပေးလျက်ရှိသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေး

ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေး၊ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေး၊ ကျေးလက်နေပြည်သူများ၏ ပညာရေးအဆင့်အတန်းမြင့်မားရေး၊ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားရေးနှင့် ကျေးလက်ဒေသ စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့သည် ယနေ့နိုင်ငံတော်က ဆောင်ရွက်နေသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များပင် ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၄ ●

သာစည်မြို့နယ်အတွင်း ဖြတ်သန်းသွားသော ခရိုင်ချင်းဆက် အမှတ်(၂) လမ်းမကြီးကို မိုင်တိုင်အမှတ် ၁၀၀/၄ ၌ ကျောက်ချောလမ်းအဖြစ် ခင်းကျင်း ဖောက်လုပ်ထားမှုကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

18-5 (01).pmd 1 5/18/2009, 2:17 AM

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မေ ၁၈ ရက်)

အနာဂတ်ကာလပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ တက်ညီလက်ညီကြိုးပမ်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ခမ်းမြို့၏ အနောက်တောင်ဘက် ၁၇မိုင်ခန့်အကွာ မန်တက်ကျေးရွာအနီး၌ တည်ဆောက်အကောင်အထည်ဖော်ပြီးစီးသွားသည့် ရွှေလီ(၁)ရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲအခမ်းအနားကို မေလ ၁၆ရက်နေ့က ခမ်းနားသိုက်မြိုက်စွာကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

၁၉၈၈ ခုနှစ်မှ ယနေ့အထိ ဒေသသုံးရေအားလျှပ်စစ် စက်ရုံများအပြင် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်ပြီး မဟာဓာတ်အားလိုင်းစနစ်အတွင်းတွင် အကျုံးဝင်သည့် ရေအားလျှပ်စစ်စက်ရုံပေါင်း ၁၃ရုံ တည်ဆောက်ခဲ့ပြီး တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းပေါင်း ၃၅ခုရှိသည်။

ရွှေလီမြစ်တစ်လျှောက်တွင် အကြီးစားရေအားလျှပ်စစ် စီမံကိန်းသုံးခု တည်ဆောက်ရန် စီစဉ်ထားသည့်အနက် ယခုဖွင့်လှစ်သည့် ရွှေလီအမှတ်(၁) စီမံကိန်းသည် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကျိုးတူပူးပေါင်း တည်ဆောက်ပြီးစီးခဲ့သည့် ပထမဆုံးစီမံကိန်းဖြစ်ပြီး နှစ်နိုင်ငံချစ်ကြည်ရေးကို ဖော်ညွှန်းသည်သာမက နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိုပါ ဖော်ဆောင်ပေးသော စီမံကိန်းကြီးလည်းဖြစ်သည်။

ရွှေလီ(၁) ရေအားလျှပ်စစ်စက်ရုံသည် စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၆၀၀ ရှိပြီး မြန်မာနိုင်ငံ၌ လောလောဆယ် အကြီးဆုံးရေအား လျှပ်စစ်စက်ရုံဖြစ်သည်။ ယနေ့အထိတစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့် ရေအားလျှပ်စစ်စက်ရုံများက ထုတ်လုပ်နိုင်အားသည် မဂ္ဂါဝပ် ၁၄၀၀ ကျော်ရှိပြီး တည်ဆောက်ဆဲ စီမံကိန်း၃၅ခုမှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၂၉၀၀ကျော် ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

တည်ဆောက်ပြီးသည့် ရေအားလျှပ်စစ်စက်ရုံများ၏ စက်တပ်ဆင်အင်အားသည် တစ်နိုင်ငံလုံးတွင် ထုတ်လုပ်နိုင်သော ရေအားလျှပ်စစ်ဓာတ်အားပမာဏ၏ သုံးရာခိုင်နှုန်းကျော်သာရှိပြီး တည်ဆောက်ဆဲ စီမံကိန်းများ ပြီးသွားပါက မြန်မာနိုင်ငံသည် လျှပ်စစ်ဓာတ်အား ဖူလုံသည့်အပြင် ပိုလျှံပြီး ပြည်ပသို့ရောင်းချနိုင်သော နိုင်ငံအဖြစ် မဝေးကွာသည့် အနာဂတ်၌ ပြောင်းလဲဖြစ်ပေါ်လာမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံ၏မြင့်မားလာသည့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာမှာ တိုင်းရင်းသားပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များအပေါ် မှန်မှန်ကန်ကန်နားလည်ပြီး ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းများကို တိုးတက်ရန် လုပ်ကိုင်ဆောင်ရွက်ရင်း နိုင်ငံတော်၏ စီးပွားရေးအခြေအနေကို ပိုမိုတိုးတက်ခိုင်မာရန် အထောက်အကူ ပြုကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီး၏ ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဖော်ဆောင်ရာ၌ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ တစ်စိတ်တစ်ဝမ်းတည်း တက်ညီလက်ညီ အားထုတ်ကြိုးပမ်းကြသည်နှင့်အမျှ မျှော်မှန်းထားသောပန်းတိုင်သို့ အောင်မြင်စွာ အရောက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၅-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **စိတ္တဝိသုဒ္ဓိ** တရားတော် (သဇင်ရေကျော်ဆရာတော် အရှင်ဉာဏောဘာသ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ ရှင်သန်လာသောနှလုံးသား (အပိုင်း-၄)
- ၈:၃၀ Make in a Delicious Way (ရူဗတ်အစားအစာ ပြုလုပ်နည်း)
- ၈:၄၅ ရန်ကုန်မြင်ကွင်းကျယ် (IT Services discussion of Micro Pescock IT Co., Ltd. ၏ မိတ်ဆက်ပွဲအခမ်းအနား)
- ၉:၀၅ ကိုယ်ပိုင်ဟန်ဖက်ရှင် (ခေါင်းစည်းပြုလုပ်နည်း)
- ၉:၁၅ လှပသစ်ဆန်းအလှပြင်ခန်း (La Coiffer Hair & Beauty Saloon)
- ၉:၃၀ စိန်ကြယ်ပွင့်တို့ရဲ့ သားအိမ်ခေါင်းကင်ဆာစကားဝိုင်း
- ၉:၅၀ စွမ်းရည်မြင့်မား လယ်ယာ(၁၆) လက်တွန်းထွန်စက်တာယာများ
- ၁၀:၂၀ ကြည်ညိုဖူးမြော်စမတောင်တော်
- ၁၀:၃၀ International Showbiz
- ၁၀:၅၀ ရေကူးအားကစားမှသည် ကျန်းမာခြင်းဆီသို့
- ၁၁:၀၀ စွဲမက်ဖွယ်ရာရတနာ (ပုလဲကျက်သရေအလှဝေ) (အပိုင်း-၁)
- ၁၁:၃၀ ကျန်းမာပျော်ရွှင်လှစေချင်
- ၁၁:၄၅ လှပသက်ဝင်ဖော့ပန်းပုရုပ်သွင်
- ၁၂:၀၀ **သတင်းကောင်း** သျှားညို၊ ဆုပန်ထွာ၊ ပွင့် (ဒါရိုက်တာ-ညိုမင်းလွင်)
- ၁၂:၂၀ တေးဂီတအစီအစဉ်
- ၁၂:၃၅ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ မောဟာဘုံရိုက်ကွင်းအမှတ်တရ
- ၁:၀၀ **စိတ္တဝိသုဒ္ဓိ**တရားတော် (သဇင်ရေကျော်ဆရာတော် အရှင်ဉာဏောဘာသ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ တို့ကမ္ဘာမြေသာယာဖို့ ကြွပ်ကြွပ်အိတ်ကိုငြင်းပယ်စို့
- ၃:၀၀ ကြည်ညိုဖူးမြော်ပုပ္ပားတောင် ကလပ်စေတီတော်
- ၃:၁၅ စပါးသုတေသနပြုလုပ်နေမှုများ
- ၃:၅၀ ရေကူးအားကစားမှသည် ကျန်းမာခြင်းဆီသို့
- ၄:၀၀ ကြည်ညိုဖူးမြော်စမတောင်တော်
- ၄:၁၅ မြန်မာစာ၊ မြန်မာစကား
- ၄:၃၀ အနုပညာမိုးကောင်းကင်
- ၅:၀၀ ရန်ကုန်မြင်ကွင်းကျယ် (IT Services discussion of Micro Pescock IT Co., Ltd. ၏ မိတ်ဆက်ပွဲအခမ်းအနား)
- ၅:၁၅ ကိုယ်ပိုင်ဟန်ဖက်ရှင် (ခေါင်းစည်းပြုလုပ်နည်း)
- ၅:၃၀ Sports World
- ၆:၀၀ MRTV-4 သတင်း
- ၆:၁၅ လှပသက်ဝင်ဖော့ပန်းပုရုပ်သွင်
- ၆:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၇:၀၀ လူတိုင်းအတွက် ရှေးဦးသူနာပြု (ရေနစ်သူကို အသက်ကယ်ဆယ်နည်းများ)
- ၇:၁၅ International Showbiz
- ၇:၃၅ Worlds of Knowledes (Supa Strikas) (Part-2)
- ၈:၀၀ MRTV-4 သတင်း
- ၈:၁၅ တေးဂီတအစီအစဉ်
- ၈:၃၅ အနုပညာမိုးကောင်းကင်
- ၉:၀၀ Sports World
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ ရှင်သန်လာသောနှလုံးသား (အပိုင်း-၄)
- ၁၀:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁၁:၄၅ Regional Handicrafts
- ၁၂:၃၀ မှတ်သားလေ့လာ ပြတိုက်ခင်းကျင်းမှုပညာ
- ၁၂:၄၅ လှပသစ်ဆန်းအလှပြင်ခန်း (La Coiffer Hair & Beauty Saloon)
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League (37) ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၂၄	Portsmouth-Sunderland	ESPN (Live)

မြဝတီရုပ်မြင်သံကြား

၁၈-၅-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၁၅ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၂၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၀ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၄:၅၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
- ၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆:၄၀ ၁၄။ သွက်လက်လှုပ်ရှား ကစားစို့လား
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်ခုန်သံနေ့ရက်များဆီသို့** (အပိုင်း-၄)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ Talk of the Town
- ၂၀။ မေးမြန်းစူးစမ်း
- ၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၅၄)

လယ်ယာ/ဆည်မြောင်း ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး

ဟသ်ာတမြို့အမက(၂၉)ကျောင်းဆောင်သစ်ဖွင့်ပွဲတက်ရောက်

နေပြည်တော် မေ ၁၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် မေ၁၀ရက်က ဧရာဝတီတိုင်း ဟသ်ာတမြို့ ကနောင်စုရပ်ကွက်ရှိ အမှတ်(၂၉) အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာကျောင်းဆောင်သစ်ကို လက်ထောက်တိုင်းပညာရေးမှူး ဟသ်ာတမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ကျောင်းဆောင်သစ်ဆောက်လုပ်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လက်ထောက်တိုင်းပညာရေးမှူး(စစ်ဆေးရေး) ဦးငွေစိုးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက မူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်ရေးနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ လက်ထောက်တိုင်းပညာရေးမှူးက ပညာရေးဝန်ကြီးဌာန ကိုယ်စား လက်ခံသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဇနီး ဒေါ်နီနီဝင်းမိသားစုတို့က ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေးအတွက် ပညာရေးငွေပဒေသာပင်များကို ဟသ်ာတမြို့ပေါ်ရှိ အခြေခံပညာမူလတန်းကျောင်းများဖြစ်ကြသည့် အမှတ်(၂၉)၊ အမှတ်(၂၇)၊ အမှတ်(၂၁)၊ အမှတ်(၃၆)၊ အမှတ်(၉)၊ အမှတ်(၁၈)နှင့် အမှတ်(၇)အခြေခံပညာမူလတန်းကျောင်းများသို့ပေးအပ်ရာ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းကော်မတီဝင်များက လက်ခံကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အမှတ်(၂၉)အခြေခံပညာ မူလတန်းကျောင်းသို့ စာသင်ထိုင်ခုံနှင့်စားပွဲအရှည် ၁၀စုံကို ပေးအပ်လှူဒါန်းပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ယေးယိုနှင့် ကျောင်းကော်မတီ အကျိုးတော်ဆောင် ဦးသက်နိုင်တို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဟသ်ာတမြို့ အထွေထွေရောဂါကုဆေးရုံသို့ သွားရောက်ပြီး ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများအား တွေ့ဆုံကာလိုအပ်ချက်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲ

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ ဒုတိယဥက္ကဋ္ဌ ဦးဝင်းသင်က ကုမ္ပဏီဥပဒေ(ဒုတိယပိုင်း)ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို မေ ၃၁ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ အမှတ် ၁/၁၉သခင်မြပန်းခြံလမ်း အလုံမြို့နယ်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတက်ရောက်ခွင့်ရှိသူများမှာ လက်မှတ်ရပြည်သူ့စာရင်းကိုင်များဖြစ်ပြီး CPE နာရီအတွက် ထောက်ခံချက် ရရှိမည် ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် မေ ၂၇ရက်နောက်ဆုံးထားပြီး မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းရုံးခန်း(အမှတ် ၁/၁၉ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်သည်။ နယ်မှလာရောက်သူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံး ဖုန်း-၂၁၄၆၅၃သို့ ကြိုတင်ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်းနှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း(ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသူသင်တန်းသားများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း (ရန်ကုန်)ရုံးခန်း၌ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း နယ်လှည့်ကျေးလက်ဖွံ့ဖြိုးရေးပညာပေးအဖွဲ့ အား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် မေ ၁၇

ရန်ကုန်တိုင်း နယ်လှည့်ကျေးလက်ဖွံ့ဖြိုးရေးပညာပေးအဖွဲ့အား ဂုဏ်ပြုပွဲကို မေ ၁၃ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိ စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဂုဏ်ပြုအမှာစကား

ထို့နောက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် နယ်လှည့်ကျေးလက်ဖွံ့ဖြိုးရေးပညာပေးအဖွဲ့များကိုယ်စား သုံးခွမြို့နယ် နယ်လှည့်ကျေးလက်ဖွံ့ဖြိုးရေးပညာပေးအဖွဲ့(၁) အဖွဲ့ဝင်က လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်တာဝန်ရှိသူများက နယ်လှည့်ကျေးလက်ဖွံ့ဖြိုးရေးပညာပေးအဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ နယ်လှည့်ကျေးလက်ဖွံ့ဖြိုးရေးပညာပေးအဖွဲ့ ကိုယ်စားလှယ်များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဝန်ကြီးနှင့် မြို့တော်ဝန်တို့သည် နယ်လှည့်ကျေးလက်ဖွံ့ဖြိုးရေး ပညာပေးအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ နယ်လှည့်ကျေးလက်ဖွံ့ဖြိုးရေးပညာပေးအဖွဲ့ဝင်များ၏ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (ဝဲအပေါ်ပုံ) (သတင်းစဉ်)

* ရှေ့ဖုံးမှ

ယင်းနောက် ဖောင်းပြင်မြို့ ကျွန်းရွှေဝါ ရပ်ကွက်၌ကမ်းပြိုမှု ကာကွယ်ရေးလုပ်ငန်းနှင့်ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ခရိုင်ဥက္ကဋ္ဌက ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကိုမှာကြား၍ ထိန်းသိမ်းပြုပြင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်အားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့်အဖွဲ့ဝင်များသည် ဖောင်းပြင်မြို့ ကုန်းအောက်တောင်ရွာ အမှတ်(၁၄) အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ၊ လက်ထောက်မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအကျိုးတော်ဆောင်တို့က ကျောင်းဆောင်သစ်မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စိုက်ပျိုးပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်နှင့် ပိတောက်ပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက နိုင်ငံတော်နှင့် ဒေသခံပြည်သူများ၏ ပေါင်းစည်းညီညွတ်မှုကြောင့် ယခုကဲ့သို့ ကျောင်းဆောင်သစ်တစ်ခုပေါ်ထွန်းလာခြင်းဖြစ်ကြောင်းနှင့် ပညာရေးဆိုင်ရာများကို ရှင်းလင်းမှာကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ကျောင်းအကျိုးတော်ဆောင်က ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ တိုင်းပညာရေးမှူးက လက်ခံသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာများကို တာဝန်ခံကျောင်းအုပ်ထံ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဖောင်းပြင်မြို့နယ် ယော်စောင်းကျေးရွာမှ ဒေသခံပြည်သူများအားတွေ့ဆုံပြီး လိုအပ်သည်များကို မေးမြန်းကာ ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စိုက်ပျိုးရေးတို့နှင့် ပတ်သက်သည့် လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဖောင်းပြင်-ပင်လည်ဘူး ကားလမ်းသို့ရောက်ရှိရာ လမ်းလုပ်ငန်းဆိုင်ရာများကို ကသာခရိုင်ဥက္ကဋ္ဌ၊ တိုင်းအင်ဂျင်နီယာမှူးနှင့် ခရိုင်အင်ဂျင်နီယာမှူးတို့က ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လမ်းများအချိန်မီပြီးစီးရေးမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဖောင်းပြင်-ပင်လည်ဘူး လမ်းတစ်လျှောက်ရှိ သာစည်ကျေးရွာနှင့် ခေါက်စင်းကျေးရွာတို့မှ ဒေသခံပြည်သူများအားတွေ့ဆုံပြီး ဘိုင်အိုဘက်ထရီနှင့် ဆက်စပ်မီးချောင်းများကို တာဝန်ရှိသူများထံ ပေးအပ်ကာ ကျေးရွာ၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပင်လည်ဘူးမြို့ နမ္မားချောင်းကူး ဘေလီတံတားတည်ဆောက်ရေး ရှင်းလင်းဆောင်သို့ရောက်ရှိရာ စည်ပင်သာယာရေးဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာက တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို တင်ပြပြီး တိုင်းမှူးက ဖြည့်စွက်တင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

တွေ့ဆုံနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ပင်လည်ဘူးမြို့နယ် အားကစားခန်းမ၌ တိုင်းကိုယ်စားပြု ဘော်လီဘောအားကစားသမားများအား တွေ့ဆုံနှုတ်ဆက်ပြီး အားပေးစကား ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ပင်လည်ဘူး-ကောလင်း-ကန့်ဘလူ ကားလမ်းတစ်လျှောက်ရှိ ပင်လည်ဘူးမြို့နယ် ကြူတောကိုင်း ကျေးရွာအုပ်စု ပေပင်စု စံပြကျေးရွာမှ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအားလည်းကောင်း၊ ကန့်ဘလူမြို့နယ် ချပ်သင်းစံပြကျေးရွာမှ ဒေသခံပြည်သူများအားလည်းကောင်း တွေ့ဆုံနှုတ်ဆက်ပြီး ကျေးရွာ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်၍ ပေပင်စုစံပြကျေးရွာမှ သင်တန်းသား ကြက်ခြေနီတပ်ဖွဲ့များအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကျွန်းလှ-ကန့်ဘလူ ကားလမ်းရှိ သစ်တောဦးစီးဌာန အင်ကြင်းဥယျာဉ်နှင့် အင်ကြင်းကျောက်တုံးကြီးကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော်အား ဖူးမြော်ကြည်ညိုပြီး စေတီတော်အတွက် အလှူငွေများကို ဂေါပကထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထူးခြားသည့်နေ့အပူချိန်များ

(၁၇-၅-၂၀၀၉)

ချောက်	၄၁ ဒီဂရီစင်တီဂရိတ်
မင်းဘူး	၄၁ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၁၇-၅-၂၀၀၉)

နေပြည်တော်(တပ်ကုန်း)	၁ဒသမ ၉၃လက်မ
မုံရွာ	၁ဒသမ ၈၉လက်မ
စစ်ကိုင်း	၁ဒသမ ၅၄လက်မ

ကမ္ဘာ့သွေးတိုးရောဂါနေ့

၂၀၀၉ခုနှစ်၊ မေလ (၁၇) ရက်နေ့

Salt & High BP:2 Silent Killers

အငန်နှင့်သွေးတိုး၊ အသံတိတ် လူသတ်သမားနှစ်မျိုး

ကျန်းမာရေးဦးစီးဌာန

သွေးတိုးရောဂါ ကာကွယ်ပါ

ပမာဏပြု၊ စားသောက်မှုတွက်
ကြည့်ရှုဝေဖန်၊ စဉ်းစားဉာဏ်ဖြင့်
တန်ရုံကိုစား၊ လွန်မသွားနှင့်
ခြောက်ပါးရသာ၊ မျှတစွာလျှင်
ချိန်ခါအလိုက်၊ ရာသီကြိုက်ကို
နှစ်ခြိုက်သေချာ၊ စားသောက်ရာ၏။
အငန်တူးတူး၊ အစားကျူးက
ခေါင်းမူးသွေးတိုး၊ အနေဆိုး၏
အဆီဓာတ်များ၊ စားသုံးများက
နာဖျားလန့်ထိတ်၊ သွေးကြောပိတ်၏
မလှုပ်မရှား၊ အနေများက
သွေးသားမမျှ၊ အလွန်ဝ၏။
သွေးတိုးရောဂါ၊ ဖိစီးလာမှ
ကျန်းမာစေရန်၊ ကုသခံသော်
ငွေကုန်လူပန်း၊ မရှင်လန်းမို့
မန္တမ်းခင်က၊ ကြိုတင်ဆ၍
ဒုက္ခပေးရိုး၊ သည်သွေးတိုးကို
ကြိုးစားကာကွယ်ကြပါစို့။

တက္ကသိုလ် ညိုညိုသန့်

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဆင်းပွဲ တိုက်ကြီးမြို့နယ်၌ကျင်းပ

ရန်ကုန် မေ ၁၇

တိုက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း (၁/၂၀၀၉) ဆင်းပွဲအခမ်းအနားကို မေ ၁၆ရက် ညနေ ၃နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

သင်တန်းဆင်းပွဲသို့ ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဆွေမြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ချစ်ချစ်သန်းနှင့် တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ချီးမြှင့်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းတွင်ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။ (ယာပုံ)

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်မြို့ ဗဟန်း မြို့နယ် ရွှေတောင်ကြားနေ ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်သော ဦးဘတင်-ဒေါ်မမကြီး၊ ခင်ပွန်း ဦးလှဖေတင်တို့အားရည်စူး၍ ဒေါ်စန်းကြည်က လေးထပ်ဘိုးဘွားဆောင်သစ်ကြီးနှင့် ဆွမ်း၊ ဆေးပဒေသာပင်အတွက် ငွေကျပ်သိန်းတစ်ရာကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (နှင်းဆီကုန်းဘိုးဘွားရိပ်သာ)

အရပ်ဘက်သုံး နျူကလီးယား ပူးပေါင်းဆောင်ရွက်ရေး ပြင်သစ်နှင့် ပါကစ္စတန် သဘောတူညီမှုရရှိ

ပါရီ မေ ၁၇

ပြင်သစ်နိုင်ငံက ယင်း၏အရပ်ဘက်သုံးနျူကလီးယားနည်းပညာကို ပါကစ္စတန်သို့ပေးအပ်ရန် သဘောတူညီထားပြီးဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ရှားမိုဟာမက်ကူရက်ရှီက မေ ၁၅ရက်တွင် ပြောကြားသည်။

ပါရီ၌ ပြင်သစ်သမ္မတ နီကိုလပ်စ် ဆာကိုဇီနှင့် ညှိနှိုင်းသည်တော် ပါကစ္စတန်သမ္မတ အမီဇာဒါရီတို့ တွေ့ဆုံအပြီးတွင် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ကူရက်ရှီက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

နျူကလီးယားနည်းပညာ လွှဲပြောင်းပေးရေးနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံ ဆွေးနွေးမှုများကို လာမည့်ဇူလိုင်လတွင် ပြုလုပ်မည်ဖြစ်ပြီး ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များကိုမူ ဆာကိုဇီ တွင် သွားရောက် လက်မှတ်ရေးထိုးမည့် ပါကစ္စတန်သို့ လာမည့် စက်တင်ဘာလ လက္ခဏာရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရှစ်ထပ်တိုက်မှပြုတ်ကျသည့် ကလေး သေကံမရောက် သက်မပျောက်

အော့တဝါ မေ ၁၇

ကနေဒါနိုင်ငံ၌ ကလေးငယ်တစ်ဦး ရှစ်ထပ်တိုက်မှ ပြုတ်ကျခဲ့ရာ သေကံမရောက် သက်မပျောက်ဘဲ အသက်ရှင်ခဲ့သည့် ထူးခြားဖြစ်စဉ်တစ်ရပ် ပေါ်ပေါက်ခဲ့ကြောင်း ကနေဒါရဲတပ်ဖွဲ့က မေ၁၅ရက်တွင် ပြောကြားသည်။

ကနေဒါနိုင်ငံ အွန်တာရီယိုပြည်နယ် မစ္စစ်ဆော်ဂါမြို့၌ မေ ၁၅ ရက် နံနက်ပိုင်းက အဆိုပါ ထူးဆန်းဖြစ်စဉ်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ မိခင်ဖြစ်သူသည် အခန်းလသာဆောင်သို့ ထွက်လာပြီး ကလေးအား မိမိရရ ဆုပ်ကိုင်ချီပွေ့ထားခြင်းမရှိ၍ ကလေးငယ်မှာ အားဖြင့် ရုန်းလိုက်စဉ် လက်ထဲမှ အမှတ်တမဲ့လွတ်ထွက်ကာ အောက်သို့ပြုတ်ကျခဲ့ရခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းကလေးသည် ရှစ်ထပ်တိုက်ရှိ လသာဆောင်မှပြုတ်ကျခဲ့သော်လည်း အောက်တွင် ချုံပုတ်များအတွင်း ပြုတ်ကျခဲ့ခြင်းကြောင့် အနည်းငယ်သာ ဒဏ်ရာရရှိခဲ့ပြီး နီးစပ်ရာဒေသ ဆေးရုံသို့ပို့ဆောင်ကုသပေးခဲ့ရကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။ အမ်အင်န်အေ၊ဆင်ဟွာ

ပါကစ္စတန်နိုင်ငံ ပက်ရှဝါမြို့၌ ကားဗုံးပေါက်ကွဲ

ပက်ရှဝါ မေ ၁၇

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ပက်ရှဝါမြို့၌ မေ ၁၆ရက်က ကားဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ ခုနစ်ဦးသေဆုံးပြီး ၃၀ ဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါဗုံးပေါက်ကွဲမှုသည် ပါကစ္စတန် စစ်တပ်က အနောက်မြောက်ပိုင်း တောင်ကြားတစ်ခု၌ စစ်ဆင်ရေးဆောင်ရွက်နေစဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းပေါက်ကွဲမှုမှာ ကားဗုံး ဖြစ်နိုင်ဖွယ်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ကားဗုံးပေါက်ကွဲ

ထိုဗုံးပေါက်ကွဲမှုမှာ ကျောင်းကား တစ်စီးဖြတ်သန်းသွားစဉ် ပေါက်ကွဲခဲ့ခြင်း ဖြစ်၍ ကလေးအများအပြား ဒဏ်ရာရရှိသွားကြောင်း ဒေသခံများက ပြောကြားသည်။ ယင်း ကားဗုံးပေါက်ကွဲမှုကြောင့် လူခုနစ်ဦးသေဆုံးခဲ့ရာ သေဆုံးသူ ဦးရေ ထပ်မံတိုးလာနိုင်ကြောင်း မြို့တော်ဝန် ဆာဟီဇာဒါအနစ်က ပြောကြား သည်။

ချေမှုန်း

ပက်ရှဝါသည် အနောက်မြောက်ပိုင်း ပြည်နယ်၏ မြို့တော်ဖြစ်ပြီး တာလီဘန် စစ်သွေးကြွများအား အစိုးရတပ်များက တိုက်ခိုက်ချေမှုန်းနေသည့် မြို့လည်းဖြစ်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ပင်လယ်ဆိပ်ကမ်းမြို့ ချန်နိုင်းမြို့ရှိ ဟွန်ဒိုင်းမော်တော်ကား ထုတ်လုပ်သည့်စက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို မေ ၁၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်ဆက်သွယ်ရေးဂြိုဟ်တု ရုရှားဒုံးပျံဖြင့် လွှတ်တင်

မော်စကို မေ ၁၇

ရုရှားနိုင်ငံက ယင်း၏ဒုံးပျံကို အသုံးပြုပြီး အမေရိကန်ဆက်သွယ်ရေး ဂြိုဟ်တုတစ်လုံးကို အာကာသအတွင်းသို့ လွှတ်တင်ပေးလိုက်ကြောင်း ရုရှားဘရစ်ဇ်အမ်ဒုံးပျံနှင့်အတူ အမေရိကန် ပရိုတိုစတားတူး ဂြိုဟ်တုကို မော်စကို ဒေသစံတော်ချိန် နံနက် ၄နာရီ ၅၇မိနစ်တွင် ကာဇက်စတန်ရှိ ဘိုင်ကိုနာ အာကာသစခန်းမှ လွှတ်တင်ပေးလိုက်ခြင်းဖြစ်ကြောင်း ခရူနီချိဗ်ဒုံးပျံထုတ်လုပ်ရေးစင်တာ ပြောရေးဆိုခွင့်ရှိသူ အလက်ဇန္ဒားဘိုဘရီနက်ဗ်၏ ပြောကြားချက်ကို အီတာတာ့စ် သတင်းဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါဂြိုဟ်တုကို ရုရှားဒုံးပျံက သယ်ဆောင်လွှတ်တင်ပြီး ၉နာရီနှင့် ၁၅မိနစ် အကြာတွင် အာကာသအတွင်းသို့ ဖြုတ်လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း ရုရှားအာကာသ အေဂျင်စီ (ရိုစကိုမော့စ်)က ပြောကြားသည်။

ပရိုတိုစတားတူးဂြိုဟ်တုကို ဘိုးရင်းကော်ပိုရေးရှင်းက ထုတ်လုပ်ပေးခဲ့ခြင်းဖြစ်ပြီး အင်ဒိုနီးရှား၊ အိန္ဒိယနှင့် ဖိလစ်ပိုင်ကဲ့သို့ နိုင်ငံများသို့ ဆက်သွယ်ရေးဝန်ဆောင်မှုပေးလိမ့်မည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ တည်ဆောက်မည့် သုတေသနပြတိုက် အဆောက်အအုံပုံစံငယ်ကို မေ ၁၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)



မလေးရှားတွင် A/H1N1 တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့ကြောင်း အစိုးရက အတည်ပြု

ကွာလာလမ်ပူ မေ ၁၇

မလေးရှားနိုင်ငံတွင် **A/H1N1** တုပ်ကွေးရောဂါ ပထမဆုံး ဖြစ်ပွားသူရှိကြောင်း၊ မလေးရှားအစိုးရက အတည်ပြုပြောကြားကြောင်း၊ ၄င်းသည် ဆီလန်ဂေါပြည်နယ်ရှိ ဆေးရုံတွင် တက်ရောက်ကုသနေကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက မေ ၁၅ရက်၌ ပြောကြားသည်။

အသက် ၂၁နှစ်ရှိ အဆိုပါရောဂါဖြစ်ပွားသူသည် အမေရိကန်ပြည်ထောင်စုမှ ပြန်လာခဲ့သူဖြစ်သည်။

A/H1N1တုပ်ကွေးရောဂါသည် ၃၃နိုင်ငံရှိ လူ ၆၀၀၀ကျော်အား ကူးစက်ပြန့်ပွားခဲ့သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။ အမ်အင်န်အေ၊ရိုက်တာ

ဆွတ်တောင်ကြား၌ ညမထွက်ရအမိန့် ပါကစ္စတန်စစ်ဘက်က ယာယီရုပ်သိမ်းခဲ့

အစ္စလမ္မာဘတ် မေ ၁၇

စစ်သွေးကြွများခိုအောင်းရာ ဆွတ်တောင်ကြားတွင် တိုက်ခိုက်မှုများဖြစ်ပွားလျက်ရှိရာ ယင်းနေရာမှ ထောင်ပေါင်းများစွာသော ပြည်သူများ ထွက်ပြေးနိုင်စေရန်နှင့် ယခင်ထွက်ပြေးသူ ၈၀၀၀၀၀နှင့် ပူးပေါင်းနိုင်စေရန်အတွက် ပါကစ္စတန်အာဏာပိုင်များက ညမထွက်ရအမိန့်ကို မေ ၁၅ရက်တွင် ယာယီရုပ်သိမ်းပေးထားကြောင်း ရိုက်တာသတင်းအရ သိရှိရသည်။

တာလီဘန်စစ်သွေးကြွများ၏ ဩဇာလွှမ်းမိုးမှု ရပ်တန့်သွားစေရန်အတွက် ပါကစ္စတန်စစ်ဘက်က ဆွတ်တောင်ကြားတွင် လွန်ခဲ့သည့်သီတင်းပတ်က ထိုးစစ်ဆင် တိုက်ခိုက်ခဲ့သည်။

ရုပ်သိမ်း

ညမထွက်ရအမိန့်ကို တာလီဘန်စစ်သွေးကြွများ ယခုတိုင် ထိန်းချုပ်ထားသည့် ဆွတ်ဒေသမှ မီနိုဂရာမြို့နှင့် အခြားဒေသများတွင် ရှစ်နာရီခန့် ရုပ်သိမ်းထားမည်ဟု ပါကစ္စတန်စစ်ဘက်က ပြောကြားသည်။

ထွက်ပြေး

ရာပေါင်းများစွာသော ပြည်သူများသည် ဆွတ်တောင်ကြားရှိလမ်းမှ တောင်ပိုင်းဒေသသို့ ဦးတည်ကာ ထွက်ပြေးလာကြပြီး မြေနိမ့်ပိုင်းတွင် ယာယီစခန်းများ ထူထောင်နေထိုင်ကြသည်။

အမ်အင်န်အေ၊ရိုက်တာ

ဂွာတီမာလာနိုင်ငံ ဂွာတီမာလာစီးတီး၌ ခရီးသည်တင် လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့သည်ကို မေ ၁၅ရက်က တွေ့ရစဉ်။
(အဆိုပါ ဖြစ်ရပ်ကြောင့် ခြောက်ဦးသေဆုံးခဲ့သည်။) **(အင်တာနက်ဓာတ်ပုံ)**

ကားဗုံးပေါက်ကွဲ

ပါကစ္စတန်နိုင်ငံ ပက်ရှဝါမြို့ရှိ အင်တာနက်ကဖေး အဆောက်အအုံရှေ့၌ ကားဗုံးပေါက်ကွဲမှုကြောင့် မီးလောင်ကျွမ်းနေသည်ကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကန်တပ်ဖွဲ့ဝင် ၄၂၉၆ဦး အီရတ်၌ သေဆုံးခဲ့ရ

ဝါရှင်တန် မေ ၁၇

အီရတ်နိုင်ငံအား ၂၀၀၃ခုနှစ် မတ်လက ကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက် အီရတ်နိုင်ငံတွင် သေဆုံးသွားသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ မေ ၁၅ရက်အထိ အနည်းဆုံး ၄၂၉၆ဦး ရှိသွားပြီဖြစ်ကြောင်း အမေရိကန်စစ်ဘက် ကြေညာချက်၌ ဖော်ပြသည်။

အလားတူ ဗြိတိသျှတပ်ဖွဲ့ဝင် ၁၇၉ ဦး၊ ယူကရိန်း ၁၈ဦး၊ အီတလီ ၃၃ဦး၊ ပိုလန် ၂၁ဦး၊ ဘူလ်ဂေးရီးယား ၁၃ဦး၊ စပိန် ၁၁ဦး၊ ဒိန်းမတ် ခုနစ်ဦး၊ အယ်လ်ဆာဗေဒို ငါးဦး၊ ဆလိုဗက်ကီးယား လေးဦး၊ လတ်ဗီးယားနှင့် ဂျော်ဂျီယာ သုံးဦးစီ၊ အက်စ်တိုးနီးယား၊နယ်သာလန်၊ ထိုင်းနှင့် ရိုမေးနီးယား နှစ်ဦးစီ၊ သြစတြေးလျ၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် တောင်ကိုရီးယား တစ်ဦးစီတို့လည်း အီရတ်၌သေဆုံးခဲ့ရသည်။ **(အင်တာနက်)**

ရော်ဘာပြုစု ပျိုးထောင်မှု ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ထို့ကော်ကိုးဒေသရှိ ငြိမ်းချမ်းရေးကောင်စီ၏ ရော်ဘာပြုစုပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကော့ကရိတ်မြို့နယ် ထို့ကော်ကိုးဒေသ ဖွံ့ဖြိုးတိုးတက်ရေး

လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်အခြေခံအဆောက်အအုံများ အခြားဒေသများနည်းတူ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၁၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မေ ၁၄ရက် နံနက်ပိုင်းက မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မော်တော်ယာဉ်များဖြင့်ထွက်ခွာလာရာ ဘုရားကုန်းငြိမ်းချမ်းရေးအထူးဒေသ ငြိမ်းချမ်းရေးခန်းမဆောင်သို့ ရောက်ရှိကြသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့်အဖွဲ့ဝင်များသည် ဖဒိုဦးအောင်ဆန်းဦးဆောင်သည့် လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်သည့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံကြပြီး လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးကာ လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့်အဖွဲ့ဝင်များသည် ကော့ကရိတ်မြို့နယ် ထို့ကော်ကိုးဒေသသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ထို့ကော်ကိုးဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က ထို့ကော်ကိုးဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် အခြေခံအဆောက်အအုံများကို အခြားဒေသများနည်းတူ ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိကြောင်း ဖြင့်ပြောကြားသည်။

ထောက်ပံ့ငွေပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ တိုင်းမှူးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့က ငြိမ်းချမ်းရေးကောင်စီအဖွဲ့ဝင်များအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ကျောင်းဝတ်စုံများ၊ အာလူး၊ ကြက်သွန်နီ၊ ငါးပိ၊ စောင်စသည့်လက်ဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့် အဖွဲ့ဝင်များသည် ငြိမ်းချမ်းရေးကောင်စီ၏ ရော်ဘာပြုစုပျိုးထောင်ထားရှိမှုကိုလည်းကောင်း၊ ထို့ကော်ကိုးဒေသ ဆေးပေးခန်းနှင့်သားဖွားခန်းတို့ကိုလည်းကောင်း၊ ဝင်းသူဇာအရောင်းဆိုင်၊ အမျိုးသမီးရေးရာအရောင်းဆိုင်တို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

စံချိန်စံညွှန်းပြည့်မီ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့်အဖွဲ့ဝင်များသည် ထို့ကော်ကိုးဒေသရှိ အမျိုးသမီးအိမ်တွင်းသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ စည်ပင်သာယာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက သင်တန်းကျောင်းအဆောက်အအုံ၊ ခန်းမဆောင်နှင့် အိပ်ဆောင်တို့ ဆောက်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် တည်ဆောက်ရေးမှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ထို့ကော်ကိုးအခြေခံပညာ အလယ်တန်းကျောင်းခွဲသို့ ရောက်ရှိကာ အားကစားနှင့်ကာယပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများအား ရင်းနှီးစွာ နှုတ်ဆက်အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများကိုပေးအပ်သည်။

ပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် နဘူးတပ်နယ်သို့ရောက်ရှိပြီး တပ်ရင်းစုပေါင်းခန်းမ၌ တပ်နယ်ရှိ တပ်နယ်မိသားစုဝင်များနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားကာ လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့်အဖွဲ့ဝင်များသည် နတ်ကျွန်းကျေးရွာ၊ နောင်ပတုတ်အင်းသို့ ရောက်ရှိကြပြီး အင်းပြန်လည်မြှင့်တင်ခြင်းနှင့် လယ်ယာမြေဖော်ထုတ်ခြင်းတို့နှင့်စပ်လျဉ်း၍ဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြရာဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က လိုအပ်သည်များကို မှာကြားသည်။

ရောက်ရှိ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ဂျမ်ဘိုစူပါခြင်နိုင်ဆေးပစ္စည်းသစ် မိတ်ဆက်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၁၇

ဂျမ်ဘိုစူပါခြင်နိုင်ဆေးခွေ ပစ္စည်းသစ်မိတ်ဆက်ပွဲအခမ်းအနားကို မေ ၁၅ရက် နံနက် ၁၀နာရီက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

သရုပ်ပြရှင်းလင်း

ရှေးဦးစွာ Powerhouse ကုမ္ပဏီမှ Managing Director ဦးအောင်သိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြား၍ Powerhouse ကုမ္ပဏီမှ General Manager ဦးမျိုးမင်းနှင့် ဂျမ်ဘိုခြင်နိုင်ဆေးခွေ၏ Research & Development မှ General Manager Mr. Ridzuan တို့က ဂျမ်ဘိုခြင်နိုင်ဆေးခွေအသစ်၏ ထိရောက်မှုစွမ်းအားကို Live Demonstrationဖြင့် သရုပ်ပြရှင်းလင်းပြသကြပြီး တက်ရောက်လာသူများ၏ သိရှိလိုသည်များကို ရှင်းလင်းပြောကြားသည်။

ကာကွယ်ပေး

ယနေ့ဈေးကွက်၌ မိတ်ဆက်ပေးသည့် ဂျမ်ဘိုခြင်နိုင်ဆေးခွေအသစ်၌ ဂျပန်နိုင်ငံ Sumitomo Chemical Company က တီထွင်ထုတ်လုပ်သည့် Mcto Fluthrin ဓာတုပစ္စည်းအသစ်ကို အသုံးပြုထားသဖြင့် ယခင်အသုံးပြုနေသော ဓာတုပစ္စည်းများထက် အဆ ၄၀ပိုမို အစွမ်းထက်က ဓာတုပစ္စည်းအနည်းငယ်သာပါဝင်သဖြင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို လျော့နည်းစေသည့်အပြင် ခြင်အန္တရာယ်ကို ပိုမိုထိရောက်စွာ ကာကွယ်ပေးနိုင်သည်။

ဖြန့်ဖြူးရောင်းချ

အဆိုပါ ခြင်နိုင်ဆေးခွေအသစ်ကို အရည်အသွေးပြည့်ဝသော ကုန်ကြမ်းပစ္စည်းများ၊ စနစ်ကျသော ထုတ်လုပ်မှုနည်းစနစ်များဖြင့် ထုတ်လုပ်ပြီး မှန်ကန်တိကျသော ဖြန့်ဖြူးမှု နည်းစနစ်များကို အသုံးပြု၍ Diethelm & Co.,Ltd. မှတစ်ဆင့် မြန်မာပြည်အနှံ့သို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ဖြန့်ဖြူးရောင်းချ

ဂျမ်ဘိုစူပါခြင်နိုင်ဆေးခွေအသစ်ကို အရှေ့တောင်အာရှနိုင်ငံများအတွင်း မြန်မာနိုင်ငံ၌ ပထမဦးဆုံး ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်း သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် မြို့တွင်းတံတားများ ကောင်းမွန်စေရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် စိုက်ဘဏ်လမ်း သံကူကွန်ကရစ်တံတား ပြန်လည်ပြုပြင်တည်ဆောက်မှုကို အမှုဆောင်အရာရှိ ဦးမြင့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်လင်းဦးတို့ ကြီးကြပ် ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်မီးသတ်စခန်း ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မီးသတ်)

ဘုရင့်နောင်နှင့် လှိုင်မီးသတ်စခန်းများ

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်မီးသတ်စခန်းနှင့် လှိုင်မြို့နယ် မီးသတ်စခန်းတို့သို့ သွားရောက်၍ စခန်းဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ဝန်ကြီးသည် ဘုရင့်နောင်မီးသတ်စခန်း၌ ငါးယူနစ်နှစ်ထပ်သံကူကွန်ကရစ် ဆောက်လုပ်ပြီးစီးမှုနှင့် လေးခန်းတွဲနှစ်ထပ်ဝန်ထမ်းနေအိမ် ဆောက်လုပ်မည့်မြေနေရာကို သတ်မှတ်ပေးပြီး လှိုင်မြို့နယ် မီးသတ်စခန်း ငါးယူနစ်နှစ်ထပ် တည်ဆောက်ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ မီးသတ်ယာဉ်၊ စက်များ ကြံ့ခိုင်ကောင်းမွန်မှု၊ တပ်ဖွဲ့ဝင်များ၏ နေအိမ်လိုင်းခန်းများ သန့်ရှင်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် တပ်ဖွဲ့ဝင်များအား စိတ်ဓာတ်၊ စည်းကမ်း၊ စည်းရုံးစွမ်းရည်ရှိစေရေး၊ မီးဘေးလုံးခြုံရေးစီမံချက်ပါအတိုင်း ဇာတ်တိုက်လေ့ကျင့်ထားရှိရေးတို့ကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သိန်းနီမြို့၌ တောကျောင်းလမ်းကတ္တရာခင်း

သိန်းနီ မေ ၁၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉- ၂၀၁၀ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန်လျာထားသော မြို့ပြလမ်းဖြစ်သည့် တောကျောင်းလမ်း ကတ္တရာခင်းရန် ဆောင်ရွက်နေမှုကို မေ ၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်စောက ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စိုးစိုးထွဏ်းတို့က ကျောက်များစုဆောင်းထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

တမူးမြို့၌ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

တမူး မေ ၁၇

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးနှင့်နန့်ဖာလုံဈေး အတွင်း၊ အပြင်၌ သန့်ရှင်းရေးလုပ်ငန်းနှင့် ဈေးအတွင်းရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ ရှင်းလင်းခြင်း အထူးဆောင်ရွက်လျက်ရှိရာ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများ၊ ဒုတိယဦးစီးမှူး(အခွန်) ဦးခုတ်ထွန်းလျန် ဦးဆောင်ပြီး စုပေါင်းဆောင်ရွက်မှုကို မေ ၁၃ရက်က အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးထွန်းကျော်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ပုဏ္ဏာဝတီမဂ္ဂဇင်းထုတ်ဝေရေး ဆွေးနွေး

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်း(ဗဟို)အဖွဲ့ဝင် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်းတို့သည် မေ၁ရက်က တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများနှင့် တွေ့ဆုံပြီး ၂၀၀၉-၂၀၁၀ ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်မှုအခြေအနေကို စစ်ဆေးခဲ့ပြီး တောင်တွင်းကြီးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် တွေ့ဆုံကာ သတင်း၊ဆောင်းပါးများ ရေးသားပေးပို့ရေးနှင့် ၂၀၀၉ခုနှစ် ပုဏ္ဏာဝတီ မဂ္ဂဇင်းထုတ်ဝေရေး ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးကြသည်။ (မြို့နယ် ပြန်/ဆက်)

ဖလမ်းမြို့နယ်ခန်းမဆောင် ပြုပြင်မွမ်းမံ

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ဆောင်ရွက်ပြီးစီးခဲ့သော မြို့နယ်ခန်းမဆောင် အဆောက်အအုံပြုပြင်ခြင်းနှင့် ဆေးသုတ်မွမ်းမံခြင်း လုပ်ငန်းပြီးစီးမှုကို ဧပြီ ၃၀ရက်က အမှုဆောင်အရာရှိ ဦးထလာဟရဲ ကွင်းဆင်းစစ်ဆေးမှုများဆောင်ရွက်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မိုးညှင်းမဂ္ဂဇင်း အမှတ်(၅)ထုတ်ဝေ

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ စီစဉ်မှုဖြင့် မိုးညှင်းမဂ္ဂဇင်း အမှတ်(၅)ကို မေ၅ရက်က ထုတ်ဝေလိုက်ပြီဖြစ်ရာ အဆိုပါမဂ္ဂဇင်းကို မြို့နယ်ဂုဏ်ဆောင်အဖြစ် ဘာသာ၊ သာသနာ၊ စီမံ၊ လူမှု၊ ပညာထူးချွန်အောင်မြင်မှုမှတ်တမ်းများနှင့်အတူ သုတ၊ ရသစုံ၊ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုများကို ဖတ်ရှုနိုင်ကြမည်ဖြစ်သည်။ *(၀၀၂)*

ဖားကန့် ၌ မြို့တွင်းလမ်းများဖာထေး

ဖားကန့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများသည် မြို့တွင်းလမ်းများ ကောင်းမွန်စေရေးအတွက် လမ်းပေါက်များ ဖာထေးခြင်းလုပ်ငန်းကို မေ၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးဇင်မင်းထွန်း၏ကြီးကြပ်မှုဖြင့် ဆောင်ရွက်ကြကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

ယဉ်ကျေးလိမ္မာ လူငယ်သင်တန်းဖွင့်

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်ပညာရေးဌာနနှင့် မြို့မိမြို့ဖများ ပူးပေါင်းဆောင်ရွက်သော နွေရာသီယဉ်ကျေးလိမ္မာလူငယ်သင်တန်းကို ရွှေကျောင်းရိပ်သာ၌ မေ ၄ ရက်က ဖွင့်လှစ်ရာ သင်တန်းသို့ ရပ်ကွက် အသီးသီးမှ လူငယ်များနှင့် ကျောင်းသား ကျောင်းသူ ၄၁၂ ဦး တက်ရောက်သည်။ (၀၂၀)

ဆီဆိုင်၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ဆီဆိုင်မြို့နယ် ပင်စုံကျေးရွာအုပ်စု ဖြိုပာင်းခါးရွာ အောင်ပညာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို မေ ၂ ရက် နံနက် ၁၁နာရီက အဆိုပါစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူး လှကြွယ်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးနေမျိုးသူရိန်နှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးခွန်ထွန်းနီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြစ်ငယ်အထက်၌ အာစရိယပူဇော်

မန္တလေးတိုင်း အမရပူရမြို့နယ် မြစ်ငယ်အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းသားကျောင်းသူဟောင်းများက သက်ပြည့်ပင်စင်ယူသွားကြသော ဆရာ ဆရာမကြီး ၁၁၀ တို့အား သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ဧပြီ ၄ရက် နံနက် ၁၀နာရီက မြစ်ငယ်မြန်မာ့မီးရထားခန်းမ၌ကျင်းပရာ အသက် ၈၀နှင့်အထက် ဆရာ ဆရာမကြီးတစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းစီဖြင့် ငါးဦး၊ အသက် ၇၀ မှ ၇၉ အထိ တစ်ဦးလျှင် ကျပ် ၁၅၀၀၀ နှုန်းစီဖြင့် ၂၈ ဦး၊ အသက် ၆၀ မှ ၆၉ နှစ် အထိ တစ်ဦးလျှင် ကျပ် ၁၀၀၀၀ နှုန်းစီဖြင့် ၇၇ ဦးတို့အား ပူဇော်ကန်တော့ကြသည်။ *(၀၈၀)*

ကျောက်တံခါး၌ မီးသုံးစွဲမှုစစ်ဆေး

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလွန်းတင် ဒုတိယဦးစီးမှူး(အခွန်)ဒေါ်နီလာနှင့်အဖွဲ့သည် ဧပြီ ၂၄ ရက်က ကျောက်တံခါးမြို့မဈေးနှင့် ပဲနွယ်ကုန်းမြို့မဈေးအတွင်းရှိ ထမင်းဆိုင်၊ မုန့်ဆိုင်၊ လက်ဖက်ရည်ဆိုင်များတွင် မီးသုံးစွဲမှုစနစ်တကျ ရှိ၊မရှိ စစ်ဆေးရာ ဈေးတာဝန်ခံများက ဆောင်ရွက်မှုများကို ရှင်းလင်းပြသကြသည်။ **(မြို့နယ် ပြန်/ဆက်)**

(၄)ကြိမ်မြောက် ဓာတုပစ္စည်းထိန်းချုပ်မှုဆိုင်ရာ စတော့ဟုန်းကွန်ဗန်းရှင်းအစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးတက်ရောက်

မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးနှင့်ဓာတုပစ္စည်းဆိုင်ရာများ ဆွေးနွေးခဲ့

နေပြည်တော် မေ ၁၇

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ မေ ၄ရက်မှ ၈ရက်အထိ ကျင်းပသော (၄)ကြိမ်မြောက် ဓာတုပစ္စည်းထိန်းချုပ်မှုဆိုင်ရာ စတော့ဟုန်းကွန်ဗန်းရှင်း အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ နိုင်ငံပေါင်း (၁၂၀)မှ ကိုယ်စားလှယ်များနှင့် ဝန်ကြီး၊ ဒုတိယဝန်ကြီး ၈၀ခန့် တက်ရောက်ကြပြီး မြန်မာနိုင်ငံမှကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦး ခေါင်းဆောင်၍ အဖွဲ့ဝင်များအဖြစ် ကျန်းမာရေးဦးစီးဌာန လုပ်ငန်းခွင်ကျန်းမာရေးဌာနမှ ညွှန်ကြားရေးမှူးဒေါက်တာစိုးတင့်နှင့် အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာကော်မရှင်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်မြင့်တို့ တက်ရောက်ကြသည်။

မိန့်ခွန်းပြောကြား

(၄)ကြိမ်မြောက် ဓာတုပစ္စည်းထိန်းချုပ်မှုဆိုင်ရာ စတော့ဟုန်းကွန်ဗန်းရှင်း အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို မေ ၄ရက် နံနက်ပိုင်းက ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗန်းရှင်းစင်တာ၌ ကျင်းပရာ ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ ညွှန်ကြားရေးမှူး၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပတ်ဝန်းကျင်ကျန်းမာရေးဌာနမှ ညွှန်ကြားရေးမှူးနှင့် ညီလာခံဥက္ကဋ္ဌတို့က မိန့်ခွန်းအသီးသီးပြောကြား၍ ဖွင့်လှစ်ပေးခဲ့သည်။

ဆွေးနွေးခဲ့

ဒုတိယဝန်ကြီးသည် မေ ၇ရက် ညနေပိုင်းက ပြင်သစ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ မော်လဒိုက်နိုင်ငံနှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့မှ ကျန်းမာရေးဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်အတူ အုပ်စုခွဲ၍ စားပွဲဝိုင်းဆွေးနွေးပွဲ ကျင်းပရာ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးနှင့် ဓာတုပစ္စည်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အဆိုပါ (၄)ကြိမ်မြောက် ဓာတုပစ္စည်းထိန်းချုပ်မှုဆိုင်ရာ စတော့ဟုန်းကွန်ဗန်းရှင်း အစည်းအဝေးကို ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေသော ဓာတုပစ္စည်း ၁၂မျိုး (Persistent Organic Pollutants-POPs)ကို ဖယ်ရှားရေး၊ အဆိုပါအန္တရာယ်ရှိ ဓာတုပစ္စည်းများအစား အခြားကျန်းမာရေးအတွက် အန္တရာယ်ကင်းသော ဓာတုပစ္စည်းများဖြင့် အစားထိုးသုံးစွဲရေး၊ ကျန်းမာရေးအတွက် အန္တရာယ်ကင်းသော ဓာတုပစ္စည်းများ ဖော်ထုတ်ဆောင်ရွက်ရေး၊ အန္တရာယ်ရှိသော ဓာတုပစ္စည်းများနှင့် ကိရိယာများကို ဖျက်ဆီးရေး၊ အန္တရာယ်ရှိ ဓာတုပစ္စည်းများကင်းစင်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ကို စုပေါင်းတည်ဆောက်ရေးစသည့် ဦးတည်ချက်(၅)ရပ်ဖြင့် ကျင်းပခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက မေ၈ရက်၌ အဆိုပါဦးတည်ချက်(၅)ရပ်ကိုအခြေခံ၍ဆွေးနွေးခဲ့ရာတွင်-

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၂ခုနှစ်တွင် ပိုးသတ်ဆေး မှတ်ပုံတင်ရေးအဖွဲ့ကို တည်ထောင်၍ မြန်မာနိုင်ငံအတွင်းသို့ ပိုးသတ်ဆေးများ တင်သွင်းခြင်း၊ မှတ်ပုံတင်ခြင်းနှင့် ပယ်ဖျက်ခြင်းစသော လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ပိုးသတ်ဆေးဆိုင်ရာ ဥပဒေကို ၁၉၉၀ပြည့်နှစ်တွင် ပြဋ္ဌာန်း၍ ယခုအခါတွင် ပိုးသတ်ဆေးအမျိုးပေါင်း ၈၀၀ကျော်ခန့်ကို မှတ်ပုံတင် ဆောင်ရွက်လျက်ရှိကြောင်း။

ယခုအစည်းအဝေးက သတ်မှတ်သော ကျန်းမာရေးအတွက် အန္တရာယ်ရှိသည့် ဓာတုပစ္စည်း ၁၂မျိုးနှင့်စပ်လျဉ်း၍ ဒီတီတီ (DTT) မှလွဲ၍ ကျန် ၁၀မျိုးကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပြီးကြောင်းနှင့် ၎င်းတို့ကို အသုံးပြုခြင်းလည်း မရှိပါကြောင်း၊ ဒီတီတီဆေးကို ငှက်ဖျားရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများတွင် အသုံးပြုသော်လည်း စနစ်တကျ သေချာစွာ ကြပ်မတ်၍ အသုံးပြုလျက်ရှိကြောင်း၊ ယခုအခါတွင် ဒီတီတီသုံးစွဲမှုကို တဖြည်းဖြည်း လျှော့နည်းစေပြီး အခြားဆေးများဖြင့် အစားထိုးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း။

သို့ရာတွင် ကျန်းမာရေးအန္တရာယ်ပြု ဓာတုပစ္စည်းများ ထုတ်လွှင့်မှုမရှိသည့် လျှပ်စစ် transformer နှင့် power line grid များ သုံးစွဲရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံအနေဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ အမျိုးသားကော်မရှင်ကို ၁၉၉၀ ပြည့်နှစ်ကတည်းက ဖွဲ့စည်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ ကိစ္စရပ်များကို အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဒေသတွင်းနှင့်ပြည်တွင်းမှ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပသော (၄)ကြိမ်မြောက် ဓာတုပစ္စည်းထိန်းချုပ်မှုဆိုင်ရာ စတော့ဟုန်းကွန်ဗန်းရှင်း အစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပတ်ဝန်းကျင်ဆိုင်ရာ အမျိုးသားကော်မရှင် (NCEA) အနေဖြင့် မြန်မာ Agenda 21 ကို ၁၉၉၇ခုနှစ်ကတည်းက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ပြည်သူ့ကျန်းမာရေးနှင့် လူသားတို့၏ အသက်အန္တရာယ်ကာကွယ်ရေးအတွက် အဓိကထား ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ရေးဆွဲချက်နှင့်အညီ မြန်မာနိုင်ငံ ပတ်ဝန်းကျင် ကျန်းမာရေးဆိုင်ရာ စီမံချက်ကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် စတော့ဟုန်းကွန်ဗန်းရှင်းမှ သတ်မှတ်ထားသော ဓာတုပစ္စည်း ၁၂မျိုးနှင့် ယခုအစည်းအဝေးသို့ တင်သွင်းသော ဓာတုပစ္စည်း ၉မျိုး စုစုပေါင်း ၂၁မျိုးသည် တိုင်းပြည်အသီးသီး၏ ပြဿနာတစ်ခုသာမကဘဲ၊ နယ်စပ်ဖြတ်ကျော်မှုနှင့် ကမ္ဘာ့လူသားတို့၏ ကျန်းမာရေးနှင့်ပါ ပတ်သက်ကြောင်း၊ ထို့ကြောင့် ကူးစက်ရောဂါများ ကမ္ဘာသို့ မပြန့်ပွားအောင် ဆောင်ရွက်သကဲ့သို့ နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့် ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရန် အချိန်ကျရောက်နေပြီဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများကို အကူအညီပေးမှသာ ယခုအစည်းအဝေးကြီးက မျှော်မှန်းထားသော ကျန်းမာရေးကို အဓိကဘေးအန္တရာယ်ဖြစ်စေသည့် ဓာတုပစ္စည်း ၂၁မျိုးကို ဖယ်ရှားဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(၄)ကြိမ်မြောက် ဓာတုပစ္စည်းထိန်းချုပ်မှုဆိုင်ရာ စတော့ဟုန်းကွန်ဗန်းရှင်း အစည်းအဝေးကို မေ ၈ရက် ည ၉နာရီက အစည်းအဝေးဆုံးဖြတ်ချက်များ ချမှတ်၍ ကျင်းပပြီးစီးသွားသည်။

ဒုတိယဝန်ကြီးသည် မေ ၆ရက်က ယနေ့ ကမ္ဘာတစ်ဝန်း၌ ဖြစ်ပွားလျက်ရှိသည့် ကမ္ဘာ့တုပ်ကွေးကပ်ရောဂါ (New H1N1)နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော ရောဂါတားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများနှင့် ဓာတ်ခွဲခန်းဆိုင်ရာ ကိစ္စရပ်များကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စတော့ဟုန်းကွန်ဗန်းရှင်း အစည်းအဝေးသို့ တက်ရောက်ပြီး မေ ၁၁ရက်က ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ICT Development & Application သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မေ ၁၇

ပညာရေးဝန်ကြီးဌာနအမှတ်(၃) အခြေခံပညာဦးစီးဌာနနှင့် Soft Guide Company Ltd.တို့ ပူးပေါင်းဖွင့်လှစ်သည့် ICT Development &Application သင်တန်း (၂/၂၀၀၉)ဆင်းပွဲ အခမ်းအနားကို မေ ၁၄ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ရှိ အမှတ်(၃) အခြေခံပညာဦးစီးဌာန ကွန်ပျူတာသင်တန်းခန်းမ၌ ကျင်းပသည်။

ဆုပေးအပ်

အခမ်းအနားတွင် အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးအေးကြူက အမှာစကားပြောကြားပြီး ပထမဆုရ ဒေါ်အေးဆုဝင်း အထက(ခွဲ) လ-နဲသမိန်-ထန်းတပင်မြို့နယ်၊ဒုတိယဆုရ ဦးလှမျိုးထွန်း(အထက -ဘုရားကြီး-သုံးခွမြို့နယ်)၊ တတိယဆုရ ဒေါ်နှင်းဝတ်ရည်မြင့် (အလက-ကျောင်းကုန်းဆိပ်ကြီး-သန်လျင်မြို့နယ်)၊ နှစ်သိမ့်ဆုရ ဒေါ်ခင်လှဲ့မင်းထိုက်(အထက -ကမာကလုတ်-ကျောက်တန်းမြို့နယ်)နှင့် ဒေါ်အေးအေးငြိမ်း အထက(ခွဲ)လ-ရွှေမြယာ-မှော်ဘီမြို့နယ်တို့အား ဆုများကိုပေးအပ်ချီးမြှင့်သည်။ **(ဝဲပုံ)**

အဆိုပါ သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၁၀၀တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေဦး၌ ကျေးလက်ဖွံ့ဖြိုးရေးဆွေးနွေး

ရေဦး မေ ၁၇

ရေဦးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဟောပြောပွဲများကို ရေဦးမြို့နယ် တူမောင်းကျေးရွာအုပ်စု တူမောင်းကျေးရွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်း၌ ဧပြီ ၂၇ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတိုးတိုးထွန်းက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဦးအောင်လင်းက ကျေးရွာစာကြည့်တိုက်များ စံ(၅)ချက်နှင့် ညီညွတ်အောင် ဆောင်ရွက်သွားရေးကိုလည်းကောင်း ရှင်းလင်းဆွေးနွေး ဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ခင်ဦးမြို့၌ မိုးသီးနှံစီမံကိန်း တာဝန်ပေးအပ်

ခင်ဦး မေ ၁၇

ခင်ဦးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ၂၀၀၉-၂၀၁၀ခုနှစ် မိုးသီးနှံစီမံကိန်း တာဝန်ပေးအပ်ပွဲကို ဧပြီ ၅ရက် မွန်းလွဲ ၂နာရီက မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်လွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးတင်မြက မိုးစပါးလျာထားဧက ၁၀၀၈၀၀ ပြည့်မီကျော်လွန် အောင်မြင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌက ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများအား မိုးသီးနှံစီမံကိန်း တာဝန်ပေးအပ်သည်။ (၁၈၂)

မြန်မာ့ရုပ်မြင်သံကြား

၁၈-၅-၂၀၀၉ ရက်

(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ဝေနိမြစ်ကူးတံတား(မြို့တွင်း) တံတား
၈:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၅ ၇။ အတီးပြိုင်ပွဲ
၈:၃၀ ၈။ International News
၈:၄၀ ၉။ **ကျော်သွားမှာလား . . . ဖော်စားမှာလား**
ခန့်စည်သူ၊ ပုလဲဝင်း၊ သက်မွန်မြင့်၊ ဟေမာန်အောင်အောင်၊ မယ်လိုဒီ
(ဒါရိုက်တာ-မလိခစိုးထိုက်အောင်)
၈:၄၅ ၁၀။ တေးဂီတအစီအစဉ်

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄:၂၀ ၃။ မြန်မာစာ၊မြန်မာစကား
၄:၃၀ ၄။ တေးဂီတအစီအစဉ်
၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၀ ၇။ အကပဒေသာ
၅:၂၀ ၈။ အနုပညာကြေးမုံပြင်တစ်ချပ်ကို ခံစားကြည့်ခြင်း (နန်းတော်ရှေ့ဆရာတင်တေးများ)
၅:၄၅ ၉။ စုပါတေးသံရှင်ရွေးချယ်ပွဲ (အပိုင်း-၂)
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
၇:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **သားမက်အလိုရှိသည်** (အပိုင်း-၅)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့သံစဉ်** (အပိုင်း-၁၈)

ကြိုတင်ကာကွယ်ရေး လုပ်ငန်းဆောင်ရွက်

တုပ်ကွေးရောဂါ **A/H1N1** မှ ကမ္ဘာ့လူတုပ်ကွေးရောဂါဖြစ်နိုင်သဖြင့် မြန်မာနိုင်ငံသို့ ကူးစက်မှုမရှိစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်(တံတားဦး)၌ ဝင်ရောက်လာသော ခရီးသည်များအား ကျန်းမာရေး စစ်ဆေးမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိစဉ်။ (သတင်းစဉ်)

ကျန်းမာရေး စစ်ဆေးမှုလုပ်ငန်း ဆောင်ရွက်

တုပ်ကွေးရောဂါ **A/H1N1** မှ ကမ္ဘာ့လူတုပ်ကွေးရောဂါဖြစ်နိုင်သဖြင့် မြန်မာနိုင်ငံသို့ ကူးစက်မှုမရှိစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ကမ္ဘာလှည့်ခရီးသည်တင်သင်္ဘောဖြင့် ဝင်ရောက်လာသော ကမ္ဘာလှည့်ခရီးသည်များအား ကျန်းမာရေးစစ်ဆေးမှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိစဉ်။ (သတင်းစဉ်)

လူတွင်ဖြစ်ပွားသော A/H1N1 တုပ်ကွေးရောဂါ ယနေ့အထိ နိုင်ငံပေါင်း ၃၉နိုင်ငံသို့ ကူးစက်ပျံ့နှံ့

မြန်မာနိုင်ငံတွင် ယနေ့အထိ မွေးမြူရေးဝက်သို့ ကူးစက်ဖြစ်ပွားမှု လုံးဝမရှိသေး

နေပြည်တော် မေ ၁၇

လူတွင်ဖြစ်ပွားသော A/H1N1 တုပ်ကွေးရောဂါသည် ဧပြီ ၁၇ရက်မှ ယနေ့အထိ နိုင်ငံပေါင်း ၃၉နိုင်ငံသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး အတည်ပြုတုပ်ကွေးရောဂါဖြစ်ပွားသူ ၈၄၈၀ နှင့် သေဆုံးသူ ၇၂ဦးရှိကြောင်း၊ အာရှနှင့် ပစိဖိတ်ဒေသအတွင်း တောင်ကိုရီးယား၊ တရုတ်၊ ဂျပန်၊ ထိုင်း၊ ဩစတြေးလျ၊ နယူးဇီလန်၊ အိန္ဒိယနှင့် မလေးရှား ရှစ်နိုင်ငံတို့၌ အတည်ပြုရောဂါဖြစ်ပွားသူ ၃၀ ပါဝင်ကြောင်း သိရှိရသည်။

ပေါင်းစပ်ညှိနှိုင်း

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ အာရှနှင့်ပစိဖိတ်ဒေသ နယ်စပ်ဖြတ်ကျော်ရောဂါများ အရေးပေါ်ထိန်းချုပ်ရေး ဒေသဆိုင်ရာညှိနှိုင်းရေးမှူး Dr. Wantanee Kalpravidh နှင့် ဓာတ်ခွဲခန်းဆိုင်ရာ အကြီးတန်းကျွမ်းကျင်ပညာရှင် Dr. Sudarat Damrongwatanapokin တို့သည် မေ ၁၃ရက်တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ရန်ကုန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း၌ သမားရိုးကျ ဝက်ရောဂါများ၊ ဆန်းသစ်လာသည့်ဝက်ရောဂါများနှင့်စပ်လျဉ်းသည့် ရောဂါစုံစမ်းထောက်လှမ်းခြင်း၊ ရောဂါနမူနာပစ္စည်းရယူခြင်း၊ ဓာတ်ခွဲခန်းစမ်းသပ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာနှင့်နည်းစဉ်များ စွမ်းရည်မြှင့်တင်ခြင်း၊ ဓာတ်ခွဲခန်းသုံးဓာတုပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖြည့်ဆည်းပံ့ပိုးခြင်းလုပ်ငန်းရပ်များကို ပေါင်းစပ်ညှိနှိုင်းခဲ့ကြသည်။

ဟောပြောဆွေးနွေး

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့မှ အကြီးတန်းပညာရပ်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Dr. Murray Maclean၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ ပညာရှင်များသည် မေ ၁၄ရက်တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပြည်နယ်/တိုင်းဦးစီးမှူးများနှင့်တွေ့ဆုံ၍ ဝက်ရောဂါဆိုင်ရာ သတင်းအချက်အလက်များ၊ ကြိုတင်ဆောင်ရွက်သင့်သည့် လုပ်ငန်းများ၊ နယ်မြေဒေသအလိုက် ရောဂါ ဝင်ရောက်ပျံ့နှံ့နိုင်မှု ဘေးအန္တရာယ် အကဲဖြတ်ခြင်းနှင့် ဈေးကွက်ကွင်းဆက်လေ့လာခြင်း (Area risk assessment and market chain study) လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဟောပြောဆွေးနွေးသည်။

မြန်မာနိုင်ငံတွင် ယနေ့အထိ လူတွင်ဖြစ်ပွားသော A/H1N1 တုပ်ကွေးရောဂါသည် မွေးမြူရေးဝက်သို့ ကူးစက်ဖြစ်ပွားမှု လုံးဝမရှိသေးကြောင်း၊ ဝက်သားနှင့် ဝက်ထွက်ပစ္စည်းများကို အပူချိန် ၇၀ ဒီဂရီစင်တီဂရိတ်/၁၆၀ ဒီဂရီဖာရင်ဟိုက်ဖြင့် ချက်ပြုတ်ပါက ဗိုင်းရပ်စ်ရှင်သန်မှု မရှိနိုင်ကြောင်း၊ စနစ်တကျ သန့်ရှင်းစွာ ကိုင်တွယ်ချက်ပြုတ်စားသောက်ပါက ရောဂါကူးစက်နိုင်မှုမရှိကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ မြန်မာနိုင်ငံသို့ ကူးစက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ဆေးရုံများတွင် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းနှင့် ဓာတ်ခွဲစမ်းသပ်နိုင်ရန် ပစ္စည်းများဖြန့်ဖြူးထားရှိ

နေပြည်တော် မေ ၁၇

တုပ်ကွေးရောဂါ A/H1N1သည် ဧပြီ ၁၇ရက်မှစတင်၍ ဖြစ်ပွားခဲ့ရာ ယနေ့အထိ ကမ္ဘာပေါ်တွင် အတည်ပြု တုပ်ကွေးရောဂါဖြစ်ပွားသူ စုစုပေါင်း ၈၄၈၀ ရှိပြီး သေဆုံးသူ စုစုပေါင်း ၇၂ ဦးရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မေ ၁၇ရက်တွင် ထုတ်ပြန်ထားသော သတင်းများအရ သိရှိရပြီး မက္ကဆီကိုနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၃၉နိုင်ငံ၌ ရောဂါကူးစက်မှုရှိခဲ့ကြောင်း သိရှိရသည်။

စတင်ဆောင်ရွက်

တုပ်ကွေးရောဂါ A/H1N1 မှ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါဖြစ်နိုင်သဖြင့် မြန်မာနိုင်ငံသို့ ကူးစက်မှုမရှိစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဧပြီ ၂၅ရက်မှ စတင်ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ယခုဖြစ်ပွားလျက်ရှိသော တုပ်ကွေးရောဂါ Influenza A/H1N1 မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်မလာစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သော နေ့စဉ် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း၊ ဆေးကုသမှုလုပ်ငန်းဆိုင်ရာ ပြင်ဆင်ထားရှိခြင်း၊ ဆေးရုံများတွင် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းနှင့် ဓာတ်ခွဲစမ်းသပ်နိုင်ရန် ပစ္စည်းများဖြန့်ဖြူးထားရှိခြင်း၊ လူနာသီးသန့်ဆောင်များ အသင့်အနေအထား ပြင်ဆင်ထားရှိခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးစစ်ဆေး

ပြည်သူလူထုအား ယခုဖြစ်ပွားလျက်ရှိသော တုပ်ကွေးရောဂါ A/H1N1ဖြစ်ပွားမှုအခြေအနေကို ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများမှတစ်ဆင့် ကြိုတင်ကာကွယ်နှိမ်နင်းရေး၊ ကျန်းမာရေး အသိပညာပေးခြင်း၊ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၂၉ရက်မှစတင်၍ အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းနှင့် နယ်စပ်ဒေသ ဝင်ပေါက်၊ ထွက်ပေါက်များ၌ ဝင်ရောက်လာသော ခရီးသည်များအား ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

သတင်းထုတ်ပြန်

မြန်မာနိုင်ငံ၌ ယနေ့အထိ တုပ်ကွေးရောဂါ A/H1N1 ကူးစက်ဖြစ်ပွားမှု လုံးဝမရှိသေးကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

"ဝါးပိုးဝါး တစ်လုံး ကျပ် ၄၀၀၀ နှုန်းနဲ့ ဝါး ၁၀၀၀ ကို ကျပ် သိန်း ၄၀ ရတယ်။ ဒေသခံတွေ တော်တော်အဆင်ပြေကြတယ်"ဟု ဆည်မြောင်းဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးရီက ပြောကြားသဖြင့် စိတ်ဝင်စားမိခဲ့သည်။ရွှေပန်းတောင်းကျေးရွာအရောက် ဒေသခံရွာသားများထံ ဝါးပိုးဝါးအကြောင်း စေ့ငု မေးမြန်းကြည့်ရာ စုံစုံစေ့စေ့ ပြောပြကြသည်။

စီးပွားဖြစ်

ဝါးအမျိုးမျိုး ရှိသည့်အနက် ဝါးပိုးဝါးသည် နုန်းတင်မြေတွင် ပေါက်ရောက်သည်။ အလေ့ကျ ပေါက်သော အပင်မျိုးဖြစ်သော်လည်း ဒေသခံများက စီးပွားဖြစ် ထွန်းသဖြင့် ဥယျာဉ်ခြံမြေအဖြစ် ၄ားရမ်းကာ စိုက်ပျိုးကြခြင်းဖြစ်၏။ စပါးသီးနှံများလို လပိုင်းနှင့် စိုက်၍မရ။ နှစ်ချီစိုက်ရသော နှစ်ရှည်ပင်များဖြစ်သည်။ အပင်ပေါက်သည်မှ ခုတ်လှဲသည်အထိ အချိန် ရှစ်နှစ်ကြာမှသာလျှင် အောင်မြင်သော၊ ဈေးကောင်းရသော ဝါးပိုးပင်ဖြစ်လာသည်။ လုံးပတ် ၁၈လက်မရှိပြီး အရှည် ၂၈တောင်မှ အတောင်၃၀ အထိရှည်သော ဝါးပိုးဝါးတစ်လုံးကို ကျပ် ၄၀၀၀နှင့် ဝယ်ယူကြသည်။ အရှည်၁၆တောင်မှ ၁၈တောင်အထိ ရှည်လျားသော ဝါးလတ်ဟု ခေါ်သည့် ဝါးပိုးဝါးကိုမူ ကျပ် ၁၅၀၀ ရပြီး လုံးပတ် ၁၅လက်မနှင့် အရှည် ၂၄တောင်ရှိ ဝါးလုံးသေး ဆိုလျှင် ကျပ်၇၀၀ဖြင့် ဝယ်ယူကြသည်ဟု သိရသည်။

ကျေးရွာ ၅၀ကျော်

ကြခင်းမြို့နယ် ပရှည်းချောင်းဘေးတစ်လျှောက်ရှိ သစ်ဆိပ်ပိုင်း၊ ရှားညို၊ တန်ထောက်ကွင်း၊ ဖရဲ၊ ရွှေပန်းတောင်း၊ ကွင်းမ၊ ကြံတော၊ ဘုတ်တွင်း၊ ကျောက်တိုင်၊ ချောင်းခွစသော ကျေးရွာများ အပါအဝင် ကျေးရွာပေါင်း ၅၀ကျော်တို့ ဝါးပိုးဝါးများ စိုက်ကြသည်။ ယခင်က အဆိုပါ မြေကွက်များတွင် ၄က်ပျော စိုက်ကြသော်လည်း ဝါးပိုးဝါးက ဝင်ငွေပိုရသဖြင့် ပြောင်းလဲ စိုက်ပျိုးကြခြင်းဖြစ်၏။

"နှစ်စဉ်ပုံမှန် ဝါးပိုးဝါး ရောင်းချရငွေ ကျပ်၁၆သိန်းခန့် ရှိပါတယ်"

ဦးသိန်းငွေဝင်း
ဝါးခြံပိုင်ရှင်
ကြခင်းမြို့နယ်
ရွှေပန်းတောင်းကျေးရွာ

ရှင်းပြ

ရွှေပန်းတောင်းကျေးရွာ ဝါးခြံပိုင်ရှင် ဦးသိန်းငွေဝင်းအား တွေ့ဆုံ၍ ဝါးပိုးဝါးစိုက်ရခြင်းရည်ရွယ်ချက်ကို မေးမြန်းကြည့်သည်။ "ဝါးပိုးဝါး လေးဧက စိုက်ပါတယ်၊ တစ်ဧကကို ဝါးရုံပင် ၂၀၀ ဝန်းကျင်လောက် စိုက်လို့ ရပါတယ်။ ဝါးပိုးဝါးတစ်ပင်ကို ခုတ်လိုက်လျှင် ခုတ်လိုက်တဲ့ အငုတ်က ပြန်မပေါက်ပါဘူး။ အရင်းက အတက်ထွက်လာပြီး ထပ်ပေါက်လာတာပါပဲ။ ပထမ မျိုးရအောင် စိုက်ရပါတယ်။ ခေါင်းပါတဲ့ ဝါးပိုးဝါးအပင်သေးတွေကို ရေရှိတဲ့နေရာမှာ ပြန်ပြီး မျိုးပွားရပါတယ်။ မြေဩဇာကျွေးစရာလဲ မလိုဘူး၊ ရေလောင်းစရာလဲမလိုဘူး၊ ဝါးပင်က မီးကိုတော့ ကြောက်ပါတယ်၊ မီးမလောင်နိုင်ဖို့ ဝါးပင်ပတ်လည်ကို အမြဲတမ်း ချုံရှင်းပေးရပါတယ်။ ကုန်ကျစရိတ် အနည်းဆုံးပါပဲ။ ကျွန်တော်စိုက်တဲ့ လေးဧကမှာ ဝါးရုံပင် ၄၀၀လောက် ရှိပါတယ်။ နှစ်စဉ်ပုံမှန် ဝါးပိုးဝါး ရောင်းချရငွေ ကျပ် ၁၆သိန်းခန့် ရရှိပါတယ်။ ဝါးပိုးဝါးစိုက်တာ ဝင်ငွေကောင်းလို့ ဝါးပိုးဝါး စိုက်တာပါ"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

တွက်ခြေကိုက်

ဝါးပိုးဝါးများကို မည်သူတွေက ဝယ်ယူ၍ မည်သည့်နေရာတွင် အသုံးချပါသလဲဟု မေးမြန်းရာ "ကျွန်တော်တို့က လိုက်ရောင်းစရာ မလိုပါဘူး၊ ဝယ်သူကလာပြီး ဝယ်တာပါ၊ သူတို့ဘာသာသူတို့ ခုတ်ယူကြတယ်။ ခုတ်ခ၊ ဖောင်ဖွဲ့ခက တစ်လုံးကျပ်၅၀၀လောက် ကုန်ကျပါတယ်။ ဒါလဲ သူတို့ဘာသာ ပေးတာပါ၊ သုံးစွဲတာက ရေလုပ်ငန်း၊ ပင်လယ်ငါးဖမ်းလုပ်ငန်းတွေမှာပါ၊ နှစ်ထပ်စင်၊ ကျားပိုက်တွေမှာ သုံးစွဲတာပါ။ ဘိုကလေး၊ ဖျာပုံက အများဆုံးလာဝယ်ပါတယ်။ တရုတ်ပညာရှင်အချို့တောင်၂၀၀၄-၂၀၀၅ ခုနှစ်တုန်းက တူလုပ်ဖို့ ဆိုပြီး လာရောက် လေ့လာကြည့်ရှုသွားကြပါသေးတယ်။ ရွှေပန်းတောင်းဝါးကို ပိုကြိုက်ကြတာက ဝါးကင်းပါးလို့၊ ရေပေါ်ပေါ်တဲ့ အတွက်ပါ၊ ပရှည်းချောင်းဘေးကရွာတွေ ဝါးပိုးဝါးနဲ့ စီးပွားတိုးတက်ပြီး တွက်ခြေကိုက်နေကြပါတယ်"ဟု ရယ်ရယ်မောမော ဖြင့် ရှင်းပြခဲ့သည်။

အကျိုးပြု

ရေသယံဇာတ၊ မြေသယံဇာတ ပေါများကြွယ်ဝသော မြန်မာနိုင်ငံတွင် သဘာဝဖြစ်ထွန်းပေါက်ရောက်လာသော အပင်များထဲမှ ဝါးပိုးဝါးပင်ကလည်း ဒေသခံပြည်သူများအတွက် လူမှုစီးပွားဘဝဖွံ့ဖြိုး ဝင်ငွေတိုးအောင်အကျိုးပြုလျက်ရှိပါကြောင်း သတင်းခရီးကွင်းဆင်းလေ့လာဖော်ပြလိုက်ရပါသည်။ ။**(မြန်မာ့အလင်း)**

ရေသယံဇာတ၊ မြေသယံဇာတ ပေါများကြွယ်ဝသော မြန်မာနိုင်ငံတွင် သဘာဝဖြစ်ထွန်းပေါက်ရောက်လာသော အပင်များထဲမှ ဝါးပိုးဝါးပင်ကလည်း ဒေသခံပြည်သူများအတွက် လူမှုစီးပွားဘဝဖွံ့ဖြိုး ဝင်ငွေတိုးအောင် အကျိုးပြုလျက်ရှိ။

လုံးပတ် ၁၈လက်မရှိပြီး အရှည်၂၈တောင်မှ အတောင်၃၀ရှိ ဝါးပိုးဝါးတစ်လုံးကို ကျပ် ၄၀၀၀ဖြင့် ဝယ်ယူကြသည်။ (မြန်မာ့အလင်း)

ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အဖနိုင်ငံတော်တပ်ဦး ဥက္ကဋ္ဌ ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် မေ ၁၇

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် အဖနိုင်ငံတော်တပ်ဦး ဥက္ကဋ္ဌ H.E. Mr.Huynh Dam ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့ကြပြီး ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးအောင်သိန်းလင်းနှင့် ဦးသန်းငွေ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချူကုန်းဖုန်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

စာရေးဆရာ လှိုင်သင်း၏ အင်္ဂလိပ်အသံ အမှန်ထွက်စေဖို့ စာအုပ် ဒုတိယအကြိမ် ထွက်ရှိ

ရန်ကုန် မေ ၁၇

စာရေးဆရာ လှိုင်သင်း၏ အင်္ဂလိပ်အသံ အမှန် ထွက်စေဖို့ စာအုပ်ကို ဒုတိယအကြိမ် အဖြစ် ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

ယင်းစာအုပ်ကို ပါရမီစာပေ၊ အမှတ် ၁၃၀၊ ၂၉လမ်း ရန်ကုန်မြို့ ဖုန်း- ၀၁-၂၅၃၂၄၆ မှ တာဝန်ယူ ဖြန့်ချိလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ *ကျောဖုံးမှ*

ကြုံတွေ့ခဲ့ရ

ရန်ကုန်- မန္တလေးကားလမ်းမပေါ်ရှိ ဘိုင်းဒါးတံတားသည် တစ်ချိန်က တစ်လမ်းသွား RPT ပေါင် တံတားတစ်ခုသာဖြစ်ခဲ့ပြီး ကုန်အလေးချိန် သတ်မှတ်ချက်ရှိ၍ တစ်လမ်းသွားတံတားဖြစ်သာ ယာဉ်ကြီး၊ ယာဉ်ငယ်များကို တစ်ဖက်ပြီးမှ တစ်ဖက်စောင့်၍ ဖြတ်သန်းသွားလာခဲ့ရသည်။ မိုးတွင်းကာလ၌ မိုးရွာသွန်းမှုပြင်းထန်သည့်နေ့ရက်များတွင် တစ်ခါတစ်ရံ တောင်ရေကျနေသောကြောင့် ကားလမ်းရော တံတားပါ ရေနစ်မြုပ်ခဲ့ရသည်။ ယင်းသို့ ရေနစ်မြုပ်ခဲ့မှုကြောင့် မော်တော်ကားများ သွားလာရေးမရရှိခဲ့သဖြင့် ညအိပ်ပင် စောင့်ဆိုင်းခဲ့ရသည်အထိ ကြုံတွေ့ခဲ့ကြရသည်။

စွမ်းစွမ်းတမံကြိုးစား

တပ်မတော်အစိုးရလက်ထက်တွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် ၂၀၀၁ခုနှစ် မေ၁၈ရက်က စီမံကိန်းချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ တံတားအရှည် ပေ ၃၀၀ ရှိပြီး ခန်းဖွင့်ဖွဲ့စည်းပုံမှာ ပေ၆၀ အရှည်ငါးခန်း ပါရှိသည်။ ယာဉ်သွားလမ်း အကျယ်ပေ ၅၀နှင့် လူသွားလမ်း အကျယ် တစ်ဖက်လျှင် ငါးပေစီပါရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ်၄၈ပေ၊ အမြင့်ငါးပေ ဖြစ်သည်။ တံတားအမျိုးအစားမှာ အပေါ်ထည် သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်း အောက်ထည် သံကူကွန်ကရစ်ပိုင်တိုင်ဖြစ်သည်။ ယာဉ်တစ်စီး၏ ခွင့်ပြုတန်ချိန်မှာ တန်၆၀ဖြစ်သည်။ တံတား စီမံကိန်းကို မြန်မာအင်ဂျင်နီယာများဖြင့် အားကြိုးမာန်တက် နေ့မအား၊ ညမနား စွမ်းစွမ်းတမံ ကြိုးစားတည်ဆောက်ခဲ့ရာ ၂၀၀၃ခုနှစ် မေ၁၅ရက်တွင် ပြီးစီးခဲ့ပြီး ၂၀၀၃ခုနှစ် ဩဂုတ် ၁၂ရက်၌ ဖွင့်လှစ်ပေးခဲ့သည်။

ဘိုင်းဒါးတံတား တည်ဆောက်ပေးခဲ့သည့်အတွက် မော်တော်ယာဉ်များ ရာသီမရွေးသွားနိုင်ခဲ့ပြီး ကုန်စည်စီးဆင်းမှု ပိုမိုသွက်လက်ကာ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာ၍ ဒေသဖွံ့ဖြိုး တိုးတက်လာခဲ့ပြီဖြစ်ပါကြောင်း သတင်းမှတ်စု မှတ်တမ်းပြု ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

18-5 (08).pmd 1 5/18/2009, 2:17 AM

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

ကနေဒါဝက်များ၌ တွေ့သည့် A/H1N1 တုပ်ကွေးဗိုင်းရပ်စ် ကမ္ဘာတစ်ဝန်း လူချင်းကူးသည့် တုပ်ကွေးဗိုင်းရပ်စ်နှင့် တူညီ

ဘာသာပြန်သတင်းအက်ဆေး တိုး စုစည်းရေးသားသည်

နယူးယောက် မေ ၁၇

ဝက်တုပ်ကွေးရောဂါသည် အမေရိကန်နိုင်ငံမှ ပြန်လာကြသည့် ခရီးသည်အများမှတစ်ဆင့် အာရှနိုင်ငံများသို့ ရောက်ရှိပျံ့နှံ့လျက်ရှိစဉ် နယူးယောက်မြို့၌ အဆိုပါ A/ H1N1 တုပ်ကွေးဗိုင်းရပ်စ်ပိုးမှ ပျံ့နှံ့ကူးစက်လျက်ရှိသည့်အတွက် စာသင်ကျောင်းများ ထပ်မံပိတ်လိုက်ကြရသည်။

သေဆုံး

နယူးယောက်မြို့မှ လက်ထောက် ကျောင်းအုပ် မစ်ချယ်ဝိုင်နာမှာ စနေနေ့အထိ ဆေးရုံတင်ထားရပြီး ရောဂါသည်းလျက်ရှိသည်။ ထို့အပြင် အကျဉ်းသားတစ်ဦးလည်း ယင်းတုပ်ကွေးရောဂါဖြစ်နေသည်ဆို၏။ အမေရိကန် တစ်နိုင်ငံလုံးတွင် ဤရောဂါဖြစ်ပွားသူ ၁၀၀၀၀၀ ကျော်ရှိမည်။ ယခုအခါ ခန့်မှန်းနေသည့် အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန (စီဒီစီ)က ကိုလံဘီယာခရိုင်နှင့် ပြည်နယ် ၄၆ခုတွင် ဤရောဂါဖြစ်ကြောင်း အတည်ပြုသည့် ဝေဒနာရှင် ၄၇၀၀ ကျော်ရှိသည်ဟု ကြေညာသည်။ တစ်နိုင်ငံလုံး သေဆုံးသူငါးဦးရှိသွားပြီဖြစ်ကြောင်း သိရသည်။

ကြေညာ

မလေးရှား၊ အိန္ဒိယနှင့် တူရကီနိုင်ငံများတွင် အမေရိကန်မှ ပြန်လာသူများအနက် A/H1N1 တုပ်ကွေးရောဂါဖြစ်သူတို့ကို ပထမဆုံး စမ်းသပ်တွေ့ရှိရသည်။ ဤသုံးနိုင်ငံအပြင် အခြားသော ၃၆နိုင်ငံ၌ A/H1N1 တုပ်ကွေးဖြစ်ပွားပြီးသောသူ ၇၂ဦးအပါအဝင် ရောဂါဖြစ်သူ ၈၄၅၁ဦးရှိသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က ကြေညာထားသည်။

တူရကီနိုင်ငံ၌ အမေရိကန်မှ အစ္စတန်ဘူလ်သို့ ရောက်လာသည့် အမျိုးသားတစ်ဦးနှင့် ၎င်း၏မိခင်တို့တွင် A/H1N1 တုပ်ကွေးဗိုင်းရပ်စ်တွေ့ရကြောင်း ကျန်းမာရေးအရာရှိများက ပြောဆိုသည်။

ဂျပန်နိုင်ငံသည်လည်း ဝက်တုပ်ကွေး ဖြစ်ပွားမှုနောက်ထပ် ကျောင်းသားကိုးဦးတွင် တွေ့ရှိကြောင်း စနေနေ့က အတည်ပြုကြေညာသည်။ ယခုအခါ ရောဂါဖြစ်သူပေါင်း ၂၁ ဦးရှိပြီဖြစ်သည်။ ကိုဘေးမြို့ အချို့ရပ်ကွက်မှ စာသင်ကျောင်းများ ပိတ်လိုက်သည်ဆို၏။

ပျံ့နှံ့

A/H1N1 တုပ်ကွေးစတင်သည့် မက္ကဆီကိုနိုင်ငံတွင် ရောဂါ ဆက်လက်ပျံ့နှံ့လျက်ရှိသည်။ သေဆုံးသူ ၆၈ဦးအထိရှိပြီး နောက်ထပ်ရောဂါဖြစ်သူ ၂၀၇ဦးနှင့် ဆိုလျှင် သေဆုံးသူအပါအဝင် စုစုပေါင်း ၃၁၀၂ဦးရှိပြီဟု သိရသည်။

အော်တဝါမှလာသော သတင်းတွင် ကနေဒါ မွေးမြူရေးခြံတစ်ခြံမှ ဝက်များတွင် ကူးစက်ဖြစ်ပွားသည့် A/H1N1 တုပ်ကွေးဗိုင်းရပ်စ်မှာ လောလောဆယ် ကမ္ဘာတစ်ဝန်း ပျံ့နှံ့ကူးစက်နေသည့် လူများ၌ တွေ့ရသည့် တုပ်ကွေးဗိုင်းရပ်စ်နှင့် အတူတူပင်ဖြစ်ကြောင်း ကနေဒါ သိပ္ပံပညာရှင်များက တွေ့ရသည်ဆို၏။

စူးစမ်း

လက်ရှိ ကာကွယ်ဆေးများ၏ အာနိသင် ရှိ၊ မရှိ ပိုမိုကောင်းမွန်ထိရောက်သည့် ရောဂါကုထုံး ရှာဖွေရေးတို့ကို ဆက်လက်စူးစမ်းလျက်ရှိသည်။

ဩစတြေးလျ သုတေသနပညာရှင် အာဒရီယန်ဂစ်ဘ်ကမူ ဝက်တုပ်ကွေးရောဂါဖြစ်စေသည့် ဗိုင်းရပ်စ်ကို ကာကွယ်ဆေးထုတ်လုပ်ရာမှ မတော်တဆ ဖန်တီးမှုဖြစ်ကြောင်း ဖြစ်မည်ဟု ကြေညာသည်။

ဆွေးနွေး

မည်သို့ပင်ဖြစ်စေ ဝက်တုပ်ကွေး ဗိုင်းရပ်စ်တိုက်ဖျက်ရေးနည်းလမ်းများ ရှာကြံရန် ကာကွယ်ဆေးထုတ်လုပ်သူများနှင့် အခြားကျန်းမာရေးကျွမ်းကျင်သူများသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိကမ္ဘာ့ကျန်းမာရေးအဖွဲ့တွင် ယမန်နေ့က တွေ့ဆုံဆွေးနွေးကြသည်။

မျှော်မှန်းထား

ကျွမ်းကျင်သူများ၏ သဘောထား ထောက်ခံချက်များကို လာမည့်ရက်သတ္တပတ်တွင် ပြုလုပ်မည့် ကမ္ဘာ့ကျန်းမာရေးညီလာခံတွင် တက်ရောက် ဆွေးနွေးမည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို) ညွှန်ကြားရေးမှူးချုပ် မာဂရက်ချန်းထံ ပေးပို့မည်ဖြစ်သည်။ ၎င်းက ကာကွယ်ဆေးထုတ်လုပ်သူများအား အကြံပြုနိုင်မည်ဟုလည်း မျှော်မှန်းထားသည်ဟု သိရသည်။ ။

ကိုးကား-အင်တာနက်/ဆင်ဟွာ

ဂျပန်နိုင်ငံအနောက်ပိုင်း ကိုဘေးမြို့ဘူတာရုံတွင် A/H1N1 ဗိုင်းရပ်စ် ကူးစက်မပြန့်ပွားရန် ကျန်းမာရေးဝန်ထမ်းများက စစ်ဆေးနေမှုများ ပြုလုပ်နေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာမည်

ရန်ကုန် မေ ၁၇

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ မကွေးတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ကာ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။

နေ့အပူချိန်များမှာ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နှင့် မင်းဘူးမြို့တို့တွင် ၄၁ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်တွင် ၀ဒသမ ၇၈လက်မ၊ နေပြည်တော်(သပြေကုန်း)တွင် ၂ဒသမ ၄၀လက်မ၊ နေပြည်တော်(တပ်ကုန်း)တွင် ၁ဒသမ ၉၃လက်မ၊ မုံရွာမြို့တွင် ၁ဒသမ ၈၉လက်မနှင့် စစ်ကိုင်းမြို့တွင် ၁ဒသမ ၅၄လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မေ ၁၈ရက်နေ့ ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

● *ရှေ့ဖုံးမှ*

ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးဆိုသည့် အချက်က ဖွံ့ဖြိုးမှု နောက်ကျကျန်ရစ်ခဲ့သော ကျေးလက်ဒေသများရှိ ပြည်သူများ၏ လူမှုဘဝကို တိုးတက် မြင့်မားလာစေမည်မှာ အမှန်ပင်ဖြစ်၏။ ယခုအခါ ကျေးရွာချင်းဆက်လမ်း၊ မြို့နယ်ချင်းဆက်လမ်းနှင့် ခရိုင်ချင်းဆက် လမ်းများ ဖောက်လုပ်ခြင်းဖြင့် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပေသည်။

ကျောက်ချောလမ်း

သတင်းအဖွဲ့သည် မကြာမီက သာစည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးပေါက်ကျော်နှင့် မြို့နယ်စည်ပင်မှ တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့မှအကောင်အထည်ဖော် ဖောက်လုပ်နေသော သာစည်မြို့နယ်အတွင်း ဆောင်ရွက်နေသည့် ခရိုင်ချင်းဆက် အမှတ်(၂) လမ်းမကြီး ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်ခြင်းကို သွားရောက် ကွင်းဆင်းလေ့လာခဲ့သည်။

ဖောက်လုပ်

အဆိုပါ ခရိုင်ချင်းဆက် လမ်းအမှတ်(၂)လမ်းမကြီးသည် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ်နှင့် မော်လမြိုင်မြို့နယ်တို့အကြား ဖောက်လုပ်နေခြင်းဖြစ်ကြောင်း သိရသည်။ ယင်းလမ်းမကြီးမှာ မိုင်အားဖြင့် ၄၄၀ နှင့် ဖာလုံ ကွာဝေးသည်။ ခရိုင်ချင်းဆက်လမ်း အမှတ်(၂)လမ်းမကြီး ဖောက်လုပ်ခြင်းနှင့် ပတ်သက်၍ သာစည်မြို့နယ်အတွင်း တာဝန်ယူဆောင်ရွက်နေသော အင်ဂျင်နီယာမှူး ဦးကျော်သူအောင်အား မေးမြန်းရာ "ဒီခရိုင်ချင်းဆက် လမ်းမကြီးကို အင်ဂျင်နီယာအဖွဲ့ ၂၂ဖွဲ့နဲ့ ဒေသခံများ ပူးပေါင်းကာ ဖောက်လုပ်နေပါတယ်။ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်မှ စတင် ဆောင်ရွက်ခဲ့ပြီး ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အထိ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့အနေနဲ့ ကျောက်ချောလမ်း ၈၃မိုင် ၂ဖာလုံနဲ့ ကတ္တရာလမ်း ၃မိုင် ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်မှာ ကျောက်ချောလမ်း ၇၄မိုင် ၄ဖာလုံ ဆောင်ရွက်နေတာကြောင့် စုစုပေါင်း ကျောက်ချောလမ်းမိုင် ၁၆၀ ဖာလုံ ပြီးစီးမှာဖြစ်ပါတယ်"ဟု ရှင်းပြသည်။

ဆောင်ရွက်ခဲ့

ဆက်လက်၍ အဆိုပါ ခရိုင်ချင်းဆက် အမှတ်(၂) လမ်းမကြီးကို သာစည်မြို့နယ်အတွင်း လမ်းအပိုင်းအလိုက် တာဝန်ယူ ဖောက်လုပ်နေသော တာဝန်ခံအင်ဂျင်နီယာများနှင့်လည်း ဆက်လက်မေးမြန်းခဲ့ပါသည်။ အငယ်တန်းအင်ဂျင်နီယာ ဦးဇော်မျိုးဝင်းက "တာဝန်ခံ အင်ဂျင်နီယာ ဦးသန်းဦးနဲ့ ကျွန်တော်တို့ အဖွဲ့က ရှမ်းရွာအနီး မိုင်တိုင်အမှတ် ၁၀၀/၄မှ ၁၀၃/၀ အထိ နှစ်မိုင်ခွဲ တာဝန်ယူရပါတယ်၊ ကျောက်ချောလမ်းအဖြစ် ၉၀ရာခိုင်နှုန်း ပြီးစီးအောင် ဧပြီလအတွင်းမှာ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်" ဟု ရှင်းပြသည်။

တက်တက်ကြွကြွ

ဆက်လက်၍ အငယ်တန်းအင်ဂျင်နီယာ ဦးဝဏ္ဏစိုးကလည်း "ကျွန်တော်တို့အဖွဲ့အနေနဲ့ မင်းကုန်းရွာအနီး မိုင်တိုင်အမှတ်၉၀/၀မှ ၁၀၀/၄ အထိ နှစ်မိုင်ခွဲ တာဝန်ယူ ဖောက်လုပ်ပေးခဲ့ပါတယ်။ ရာနှုန်းပြည့်နီးပါး ပြီးစီးအောင် လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်" ဟု ရှင်းပြသည်။ အဆိုပါ ခရိုင်ချင်းဆက် အမှတ်(၂) လမ်းမကြီးသည် သာစည်မြို့၏ အရှေ့ဘက် ၁၀ မိုင်ခန့်အကွာတွင် တည်ရှိသည်။ လမ်းမကြီးမှာ တောင်မြောက်ဖြတ်သန်း ဖောက်လုပ်လျက်ရှိသည်။ ဖောက်လုပ်ရေးအင်ဂျင်နီယာများ အဖွဲ့အလိုက် တာဝန်ယူပြီး ဒေသခံပြည်သူများ ပူးပေါင်းကာ လမ်းမကြီးတစ်လျှောက် ဟိုတစ်ဖွဲ့ သည်တစ်ဖွဲ့ တက်တက်ကြွကြွ လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နေသည့် မြင်ကွင်းကိုလည်း အားရဖွယ် တွေ့ခဲ့ရသေးသည်။

ဖောက်လုပ်

ခရိုင်ချင်းဆက် အမှတ်(၂)လမ်းမကြီးကို မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ အနေဖြင့် မန္တလေးတိုင်းအတွင်း ခရီး မိုင်ပေါင်း ၂၂မိုင် ၇ဖာလုံ တာဝန်ယူ ဖောက်လုပ်လျက်ရှိရာ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း မိုင်၁၆၀ ကျောက်ချောလမ်းအဖြစ် တည်ဆောက် ဖောက်လုပ်ပေးနိုင်မည်ဖြစ်သည်။ ယင်း ခရိုင်ချင်းဆက် လမ်းမကြီးသည် မန္တလေးတိုင်းအတွင်း ပုသိမ်ကြီး၊ စဉ့်ကိုင်၊ ကျောက်ဆည်၊ မြစ်သား၊ ဝမ်းတွင်း၊ သာစည်၊ ပျော်ဘွယ်၊ နေပြည်တော် တပ်ကုန်း၊ နေပြည်တော်ပျဉ်းမနားနှင့် နေပြည်တော် လယ်ဝေးမြို့များကို ဖြတ်သန်း ဖောက်လုပ်ထားသည်။ ခရိုင်ချင်းဆက် အမှတ်(၂) လမ်းမကြီးသည် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ်မှ မော်လမြိုင်မြို့နယ်အထိ ဖောက်လုပ်ပြီးစီးသွားပါက ခရီးမိုင်ပေါင်း ၄၄၀ နှင့် ဖာလုံ ရှိမည်ဖြစ်သည်။

"ကျွန်တော်တို့အင်ဂျင်နီယာအဖွဲ့က ဒီခရိုင်ချင်းဆက်လမ်း အမှတ်(၂)ကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်ရာမှ နှစ်မိုင်ခွဲ တာဝန်ယူရပြီး ရာနှုန်းပြည့် လုပ်ငန်းဆောင်ရွက်မှု ပြီးစီးနေပါပြီ"

ဦးဝဏ္ဏစိုး
အငယ်တန်းအင်ဂျင်နီယာ။

အကုန်အကျ

နိုင်ငံတော်အနေဖြင့် ကျေးလက်ပြည်သူများ လမ်းပန်းဆက်သွယ်ရေးသွားလာမှု လွယ်ကူစေရေးအတွက် ငွေကျပ်သန်းပေါင်း မြောက်မြားစွာ အကုန်အကျခံလျက် ခရိုင်ချင်းဆက် အမှတ်(၁)နှင့် အမှတ်(၂) တို့ကို အကောင်အထည်ဖော် ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိသည်။ ခရိုင်ချင်းဆက် အမှတ်(၁) လမ်းမကြီးမှာ မန္တလေးတိုင်း တံတားဦးမြို့နယ်နှင့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်တို့အကြား ဖြတ်သန်းဖောက်လုပ်လျက်ရှိသည်။ ယင်းခရိုင်ချင်းဆက်အမှတ်(၁) လမ်းမကြီးသည် ခရီးမိုင်ပေါင်း ၄၀၀နှင့် ၁ဖာလုံရှိကြောင်းသိရသည်။

ဖွံ့ဖြိုးရေး

ဤသို့ **နိုင်ငံတော်က ခရိုင်ချင်းဆက် လမ်းမကြီးများ အကောင်အထည်ဖော် ဖောက်လုပ် တည်ဆောက်ပေးလျက် ရှိခြင်းကြောင့် ဖြတ်သန်းဖောက်လုပ်ရာ လမ်းတစ်လျှောက်ရှိ ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့လာ၍ ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အစစအရာရာ ဖွံ့ဖြိုးတိုးတက်လာမည်မှာ** ဧကန်မလွဲပင်ဖြစ်ပါကြောင်း ခရီးသွားသတင်းအဖြစ် ကွင်းဆင်းရေးသားဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

နိုင်ငံတော်က ခရိုင်ချင်းဆက်လမ်းမကြီးများ အကောင်အထည်ဖော် ဖောက်လုပ်တည်ဆောက်ပေးလျက် ရှိခြင်းကြောင့် ဖြတ်သန်းဖောက်လုပ်ရာ လမ်းတစ်လျှောက် ရှိ ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့လာ၍ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အစစအရာရာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်။

သာစည်မြို့ အရှေ့ဘက် ၁၀မိုင်ခန့်အကွာ ဖောက်လုပ်ပြီးစီးသွားသော အမှတ်(၂) ခရိုင်ချင်းဆက်လမ်းမကြီးကို ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

အသက်ပေါင်းများစွာချမ်းသာဖို့ ကြိုတင်ပြင်ဆင်ဆောင်ရွက်စို့

ဒေါက်တာမြတ်မြတ်အုန်းခင်

ကမ္ဘာပေါ်မှာ လူသားတွေ မလွဲသာမရှောင်သာဘဲ ရင်ဆိုင်ကြုံတွေ့ကြရတဲ့ ကပ်သုံးပါး ရှိပါတယ်။ ဒါတွေကတော့ သတ္ထန္တရကပ်၊ ရောဂန္တရကပ်နဲ့ ဒုဗ္ဘိက္ခရကပ်ဆိုတဲ့ ကပ်သုံးပါးပဲ ဖြစ်ပါတယ်။ စာရေးသူတို့ ဩကာသ ရွတ်ဆို ဘုရားရှိခိုးတဲ့အခါ "ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပ္ပတ္တိတရား လေးပါး၊ ဗျသနတရား ငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ ... မဂ်တရား၊ ဖိုလ်တရား နိဗ္ဗာန်ချမ်းသာတရားတော်မြတ်ကို ရပါလို၏" ဆိုတဲ့စာသား ပါပါတယ်။ ဒီပျက်စီးဆုံးရှုံးခြင်းတွေ ကင်းလွတ် ငြိမ်းအေးပြီး မဂ်-ဖိုလ်ရောက်နိုင်အောင် ဆောင်ရွက်ကြဖို့ ဆုတောင်းပါပါတဲ့ ဩကာသကန်တော့ချိုးပါ။ ဒီတော့ ခုနကပြောတဲ့ ကပ်သုံးပါးဆိုတာ ဘာတွေလဲ လေ့လာကြည့်ဖို့ လိုပါတယ်။

ကပ်ဆိုတဲ့စကားက **ကပ္ပ**ဆိုတဲ့ ပါဠိဘာသာက လာတာဖြစ်ပြီး အဓိပ္ပာယ် အများကြီးရှိပေမယ့် ဒီနေရာမှာတော့ ကပ်ဆိုတာဘေးဆိုက်တဲ့ကာလ၊ ဘေးဥပဒ်ကို ဆိုလိုပါတယ်။ သတ္ထန္တရကပ်ဆိုတာကတော့ လက်နက်ဘေးကြောင့် သေကျေပျက်စီးတဲ့ကပ်၊ ဓား၊ လှံ၊ လက်နက်ဘေးကို ဆိုလိုပါတယ်။ စစ်မက်ထူပြောလို့ နေစရာ၊ စားစရာမရှိ အတိဒုက္ခရောက်ပြီး သေကျေပျက်စီးတာမျိုးပါ။ ကမ္ဘာပေါ်မှာ စစ်မက်ကြောင့် ဒုက္ခရောက်နေကြတဲ့နိုင်ငံတွေကလူသားတွေ အတိဒုက္ခရောက်နေတာကို တွေ့မြင်ကြားသိနေရတာ စိတ်ထိခိုက် ကြေကွဲစရာပါပဲ။ ရောဂန္တရကပ်ဆိုတာက ရောဂါဘေးဆိုက်တဲ့ကာလ အနာရောဂါဘေးဆိုးကပ်ဆိုး ကျရောက်ဖြစ်ပေါ်တာကို ဆိုလိုတာပါ။ ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်အတွင်းက လူတွေဟာ ကာလဝမ်းရောဂါ၊ ကျောက်ရောဂါ၊ ပုလိပ်ရောဂါတို့လို ကပ်ရောဂါဘေးတွေ ခံစားခဲ့ကြရပါတယ်။ ဒီလိုအနာရောဂါကပ်ဘေးကြောင့် လူတွေအတော်များများ သေကျေပျက်စီးခဲ့ရဖူးပါတယ်။

ဒုဗ္ဘိက္ခရကပ်ဆိုတာ အစာငတ်မွတ်ခေါင်းပါးတဲ့ကပ်၊ ဆင်းရဲမွဲတေလို့ ငတ်ပြတ်ပြီး ဘေးဒုက္ခရောက်ကြတာကို ပြောချင်တာပါ။ ဒီကပ်သုံးပါးဟာ တစ်ပါးနဲ့တစ်ပါး ဆက်စပ်နေပါတယ်။ တစ်ခုဖြစ်ရင် တစ်ခုက အတူလိုက်ပါယှဉ်တွဲနေတတ်ပါတယ်။ သဘာဝဘေးအန္တရာယ်တွေဖြစ်တဲ့ မြေပြိုတာ၊ မြေငလျင်လှုပ်တာ၊ ရေကြီးတာ၊ ရေငလျင်၊ နှင်းမုန်တိုင်း၊ သဲမုန်တိုင်းတိုက်တာ၊ နှင်းမုန်တိုင်း၊ လေမုန်တိုင်း၊ လေဆင်နှာမောင်းတိုက်တာ၊ တောမီးလောင်တာတွေဟာ အချိန်နာရီနဲ့ အတိအကျသိဖို့ ခက်ခဲလှပါတယ်။ ဒီအတွက် သဘာဝဘေးအန္တရာယ်တွေကို လူအတော်များများ သတိမထားမိတတ်ကြပါဘူး။ သဘာဝဘေးတွေကြုံလာတဲ့အခါမှာတော့ ကိုယ်ခန္ဓာဒုက္ခသာမက စိတ်ပိုင်းဆိုင်ရာ ရောဂါတွေကိုပါ ခံစားလာကြရပါတယ်။ ကိုယ်မှာရောဂါရတာထက် စိတ်မှာခံစားရတာ ပိုပြီးကြာရှည်တတ်ပါတယ်။ ဒါကြောင့် **စိတ်ထောင်းတော့ ကိုယ်ကြေ၊ စိတ်ပျို-ကိုယ်နု**ဆိုတဲ့ စကားပုံတွေ ဖြစ်ပေါ်လာရတာပါပဲ။ သဘာဝဘေးနဲ့ ပတ်သက်လို့ လူတွေနဲ့စာရင် တောနေတိရစ္ဆာန်တွေက သူတို့ရဲ့အာရုံသိနဲ့ ကြိုတင်သိနိုင်ကြတယ်လို့ ကြားဖူးမှတ်ဖူးပါတယ်။ ဒါ့ကြောင့် တချို့နေရာတွေမှာ ရေကြီးတာ၊ မြေငလျင်လှုပ်တာ ကြုံတွေ့ရချိန်မှာ တိရစ္ဆာန်တွေက ဘေးလွတ်ရာကို ကြိုတင်ရှောင်ပြေးတတ်ကြတယ်လို့ ဆိုကြပါတယ်။

သဘာဝဘေးအန္တရာယ်တွေဟာ အမြဲတစေမဟုတ်ပေမယ့် ရံဖန်ရံခါမှာ မမျှော်လင့်ဘဲ ကျရောက်ဖြစ်ပွားလာတတ်ပါတယ်။ ဒီအခါမှာ ကိုယ်တွေ့ကြုံမှ **ခြေမကိုင်မိ လက်မကိုင်မိ**ဆိုသလို **ခလုတ်ထိမှ အမိတ** တတ်ကြတာ ထုံးစံပါပဲ။ သဘာဝဘေးအန္တရာယ်တွေကို **မျက်နှာလွှဲခဲပစ်** မလုပ်ဘဲ လူတွေ သတိပြုမိကြဖို့လိုပါတယ်။ သဘာဝ ဘေးအန္တရာယ်တွေကြောင့် သားတကွဲ မယားတကွဲဖြစ်ကြရ၊ အဆောက်အအုံတွေပျက်စီးကြရ၊ စီးပွားတွေပျက်စီးကြရ၊ ရောဂါတွေဖြစ်ပွားကြပြီး အတိဒုက္ခရောက်ကြရတာ အလွန်ပဲ စိတ်မချမ်းမြေ့စရာ ကောင်းလှပါတယ်။ ပြီးခဲ့တဲ့ ၁၀စုနှစ်တစ်ခုမှာ သဘာဝဘေးအန္တရာယ်တွေကြောင့် ပျက်စီးဆုံးရှုံးရတဲ့အထဲက ကျန်းမာရေးဆိုင်ရာ အဆောက်အအုံတွေပျက်စီးပြီး ဒုက္ခရောက်ကြရတဲ့ အဖြစ်အပျက်ကလေးတချို့ကို သင်ခန်းစာယူနိုင်ဖို့ အနည်းငယ် တင်ပြလိုပါတယ်။

၂၀၀၁ခုနှစ်က အိန္ဒိယနိုင်ငံ မူဂျာရတ်မှာ အင်အားရစ်ချ်တာစကေး ၇ဒသမ၇အဆင့်ရှိတဲ့ မြေငလျင်လှုပ်တဲ့အတွက် ကျန်းမာရေး နှီးနွယ်အဆောက်အအုံ ၃၈၁၂ခု ပျက်စီးခဲ့ရပါတယ်။ အဲဒါတွေ ပြန်လည်တည်ဆောက်ဖို့ ခန့်မှန်းကုန်ကျစရိတ်က အမေရိကန်ဒေါ်လာ သန်း ၆၀တောင် ရှိတယ်ဆိုပါတယ်။ ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၂၆ရက်က အရှေ့တောင်အာရှဒေသမှာ လှုပ်ခဲ့တဲ့ မြေငလျင်နဲ့ ဆူနာမီ Tsunami ကြောင့် အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်မှာ ကျန်းမာရေးဌာန ၂၄၀ရှိတဲ့အနက် ၃၀ဟာ ပျက်စီးခဲ့ပါတယ်။

၂၀၀၅ခုနှစ် ဒီဇင်ဘာလက အိန္ဒိယနိုင်ငံ ဂျမူးနဲ့ ကက်ရှ်မီးယားမြေငလျင်ကြောင့် ကျန်းမာရေးဌာန ၃၈ခု သုံးမရတော့လောက်အောင် လုံးဝပျက်စီးခဲ့ရပြီး ၁၄၇ခုကတော့ တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ပါတယ်။ ၇၇ခုကတော့ ပြင်းပြင်းထန်ထန် ထိခိုက်ပျက်စီးခဲ့ရပါတယ်။ ကျန်းမာရေး ဝန်ထမ်း ၇၀၀လောက် သေကျေ(ဒါမှမဟုတ်)ပျောက်ဆုံးခဲ့တယ်လို့ သိရပါတယ်။ မော်လဒိုက်နိုင်ငံမှာတော့ ဆေးရုံ သုံးရုံ၊ ကျန်းမာရေးဌာန ၂၀ ပျက်စီးခဲ့ရပါတယ်။ ကျွန်းငယ် ၁၃ခုမှာ မှီတင်းနေထိုင်ကြတဲ့ လူဦးရေ ၅၀၀၀ကျော်ကို ကယ်ဆယ်ပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ရတယ်လို့ ဆိုပါတယ်။ သီရိလင်္ကာနိုင်ငံမှာ ကျန်းမာရေးအဆောက်အအုံ ၉၂ခုပျက်စီးခဲ့ရပြီး အဲဒီအထဲမှာ ဆေးရုံ၃၅ရုံ ပါဝင်တယ်လို့ ဆိုပါတယ်။ အဲဒီအချိန်မှာ အိန္ဒိယနိုင်ငံမှာလည်းပဲ ခရိုင်ဆေးရုံကြီး ခုနစ်ရုံ၊အခြေခံကျန်းမာရေးဌာန ၁၃ခု၊ ကျန်းမာရေးဌာနခွဲ ၈၀တို့ ထိခိုက်ပျက်စီးခဲ့တယ်လို့ ဆိုပါတယ်။

၂၀၀၆ခုနှစ် မတ်လက အင်ဒိုနီးရှားနိုင်ငံ Bantul ခရိုင်မှာ လှုပ်ခဲ့တဲ့ မြေငလျင်ကြောင့် ဆေးရုံခြောက်ရုံရှိတဲ့အနက် တစ်ရုံ ပျက်စီးသွားခဲ့ပါတယ်။ ဒီအတွက် ကျန်ဆေးရုံတွေမှာ လူနာတွေနဲ့ ပြည့်ကျပ်သွားခဲ့ရပါတယ်။ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ အိန္ဒိယနိုင်ငံမှာ ရေတွေကြီးတဲ့အတွက် ကျန်းမာရေးဌာန ၄၉ခု ရေလွှမ်းမိုး ပျက်စီးခဲ့ရပါသေးတယ်။ ၂၀၀၈ခုနှစ် မေလက တရုတ်နိုင်ငံ စီချွမ်ဒေသမှာ မြေငလျင်ဒဏ်ကြောင့် ဆေးပညာသင်ကျောင်းနဲ့အဆောက်အအုံ ၁၁၀၀၀ထိခိုက်ပျက်စီးခဲ့ရပြီး လူနာသောင်းနဲ့ချီပြီး ဆေးဝါးကုသမှု ခံယူခဲ့ရပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၈ခုနှစ် မေလက စာရေးသူတို့နိုင်ငံမှာ မကြုံစဖူးပြင်းထန်လှတဲ့ သဘာဝဘေးအန္တရာယ် Nargis အမည်ရှိတဲ့ ဆိုင်ကလုန်း မုန်တိုင်းကြောင့် လူပေါင်းတစ်သိန်းကျော် သေကျေပျောက်ဆုံးခဲ့ရတာလည်းပဲ အမှတ်ရကြဦးမယ်ထင်ပါတယ်။ မုန်တိုင်းဝင်သွားတာ တစ်ရက်တာမျှဖြစ်ပေမယ့် ပျက်စီးမှုတွေကို ပြန်လည်တည်ဆောက်ဖို့က အချိန်တွေ အများကြီး ကြာတတ်ပါတယ်။ မုန်တိုင်းဝင်ပြီးတဲ့နောက် အဆောက်အအုံတွေ ပြန်လည်တည်ဆောက်ကြရာမှာ မုန်တိုင်းကြောင့်ပျက်စီးသွားခဲ့ရတဲ့ ကျန်းမာရေး အဆောက်အအုံတွေကို သဘာဝဘေးအန္တရာယ်တွေဖြစ်တဲ့ ငလျင်ဒဏ်၊ မုန်တိုင်းဒဏ်၊ ရေဘေးဒဏ်၊ မီးဘေးဒဏ်၊ လေဘေးဒဏ်ခံနိုင်အောင် ဒီဇိုင်းတွေနဲ့ တည်ဆောက်ဖို့ လိုအပ်ပါလိမ့်မယ်။

ဒီလိုသဘာဝဘေးအန္တရာယ်တွေကို ဘယ်သူမှတွေ့ကြုံချင်မှာ မဟုတ်ပါဘူး။ ဒီအတွက် ဘဝဆက်တိုင်း မကြုံတွေ့ပါရစေနဲ့လို့ ဆုတောင်းနေရုံနဲ့မပြီးပါဘူး၊ သဘာဝဘေးအန္တရာယ် Natural Disasters တွေကို ကြိုတင်ကာကွယ်မယ့် အစီအမံတွေ၊ အဆောက်အအုံတွေ၊ သဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်တဲ့ သင်တန်းတွေ၊ ကယ်ဆယ်ရေး အစီအစဉ်တွေ ပြင်ဆင်ဆောင်ရွက်ထားကြရမှာ ဖြစ်ပါတယ်။ ဒီလိုကိစ္စမျိုးတွေဆောင်ရွက်နိုင်ဖို့ နိုင်ငံတော် အကြီးအကဲက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းပေးပြီး မုန်တိုင်းဒဏ်ခံခဲ့ရတဲ့ဒေသတွေမှာ လမ်းတွေမြင့်၊ တံတားတွေဆင့်လို့ Cyclone Shelter တွေ ဆောက်လုပ်နေကြပြီ ဖြစ်ပါတယ်။ **အရေးကြုံ သက်လုံကောင်း**ဆိုသလိုပဲ ကမ္ဘာ့ကျန်းမာရေးနေ့ ဆောင်ပုဒ်ထဲကလို ကျန်းမာရေး အတွက် အရေးကြုံက ကျော်လွှားနိုင်ရန်ပြင်ဆင်မှ အသက်ပေါင်းများစွာ ချမ်းသာရမှာပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ ဘေးကင်းလုံခြုံစိတ်ချရတဲ့ ကျန်းမာရေးအဆောက်အအုံ 'Safe Health Facilities' ဆိုတဲ့ စကားလေးက အရေးပါလာပါတယ်။ လုံခြုံစိတ်ချရတဲ့ ကျန်းမာရေးအဆောက်အအုံဆိုရာမှာ အချက်အလက် အင်္ဂါရပ်သုံးခုကိုက်ညီပါဝင်ရပါတယ်။ အဲ့ဒီ အင်္ဂါရပ်တွေက အဆောက်အအုံကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ မြို့မှာရှိသည်ဖြစ်စေ၊ ကျေးလက်ဒေသမှာ ရှိသည်ဖြစ်စေ၊ အဆင့်အတန်းမြင့် အဆောက်အအုံဖြစ်စေ၊ အခြေခံကျန်းမာရေးဌာနခွဲဖြစ်စေ အားလုံးအကျုံးဝင်မှာ ဖြစ်ပါတယ်။ အဲဒီအချက်တွေမှာ ဘေးကင်းစိတ်ချရတဲ့ ကျန်းမာရေးအဆောက်အအုံများဟာ ဘယ်လိုသဘာဝဘေးအန္တရာယ် Natural Disasters တွေကိုမဆို ကြံ့ကြံ့ခံနိုင်ရမှာဖြစ်ပြီး သဘာဝဘေးကြုံတွေ့လာတဲ့အခါ လူနာနဲ့ ဝန်ထမ်းတစ်ဦးကိုမျှ မသေကျေ၊ ဒဏ်ရာမရစေဘဲ ပတ်ဝန်းကျင်ကိုလည်း ထိခိုက်မှုမရှိစေရပါဘူး။ ဘယ်လိုအရေးကြုံလာတဲ့ အခြေအနေမျိုးမှာမဆို လိုအပ်တဲ့အခါတိုင်း အရည်အချင်းပြည့်ဝန်ထမ်းတွေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ ဆောင်ရွက်နိုင်ရပါမယ်။ လိုအပ်တဲ့ ရုပ်ဝတ္ထုပစ္စည်းတွေလဲ ဖြည့်ဆည်းတပ်ဆင်ထားရပါမယ်။ တိကျပြတ်သားတဲ့ စီမံချက်တွေနဲ့ အရည်အသွေး မြင့်မားအောင် လေ့ကျင့်ပေးထားတဲ့ ကျန်းမာရေး အင်အားစုတွေဟာ အမှန်တကယ် အရေးကြုံလာတဲ့အခါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ဆောင်ရွက်နိုင်ရပါမယ်။

ကမ္ဘာ့နိုင်ငံအတော်များများဟာ ဆေးရုံတွေ ဘေးကင်းလုံခြုံ စိတ်ချရစေဖို့နဲ့ အသက်ပေါင်းများစွာ ကယ်တင်နိုင်ဖို့ ကြိုတင်ပြင်ဆင် ဆောင်ရွက်မှုလုပ်ငန်းတွေ တိုးတက်အောင်မြင်အောင် ဆောင်ရွက်ခဲ့ကြပါတယ်။ ဒီအထဲကမှ သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့ရပေမယ်လို့ အောင်မြင်မှုရရှိခဲ့တဲ့ တည်ဆောက်ရေးလုပ်ငန်းကြောင့် လူ့အသက်ပေါင်းများစွာ ကုသကယ်တင်နိုင်ခဲ့တဲ့ သာဓကလေးတစ်ခု နှစ်ခုလောက်ကို အနည်းငယ်တင်ပြလိုပါတယ်။ မက္ကဆီကိုနိုင်ငံမှာ လေ့ကျင့်ပေးထားတဲ့ ကယ်ဆယ်ရေးဝန်ထမ်းတွေဟာ ရောဂါကို စစ်ဆေးဆုံးဖြတ်နိုင်ကြတယ်လို့ သိရပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ဆိုင်ကလုန်းမုန်တိုင်းနဲ့ ရေလွှမ်းမိုးမှုတွေကြောင့် အတိဒုက္ခရောက်တာကို ကူညီပံ့ပိုးနိုင်ဖို့ ကျန်းမာရေးဆောင်ရွက်မှုလုပ်ငန်းမျိုးစုံနဲ့ နှီးနွယ်တဲ့ အဆောက်အအုံတွေ၊ ပညာရေးနဲ့ စိုက်ပျိုးရေးဆိုင်ရာ အဆောက်အအုံတွေ တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။ ဒါ့ကြောင့် ၂၀၀၇ခုနှစ်က ဆီဒါ (Sidir) အမည်ရတဲ့ ဆိုင်ကလုန်းမုန်တိုင်း ကြုံတွေ့ခဲ့ကြရတဲ့ လူထောင်သောင်းချီပြီး ကယ်တင်နိုင်ခဲ့တယ်လို့ သိရပါတယ်။

အလားတူ ဂျပန်၊ ပါကစ္စတန်နဲ့ ပီရူးနိုင်ငံတို့မှာ မြေငလျင်ဒဏ်ခံ ကျန်းမာရေး အဆောက်အအုံတွေ တည်ဆောက်နေပြီ ဖြစ်ပါတယ်။ စာရေးသူတို့ တစ်သက်မှာ Nargis လို အဖျက်စွမ်းအား ပြင်းထန်လှတဲ့ သဘာဝဘေး မုန်တိုင်းမျိုး နဖူးတွေ့ဒူးတွေ့ မတွေ့ကြုံခဲ့ရဖူးပါဘူး။ ၂၀၀၈ခုနှစ် မေလ၂ရက်နေ့မှာသာ သွေးပျက်ဖွယ် တွေကြုံကြားသိခဲ့ကြရတာပဲ ဖြစ်ပါတယ်။ **နိုင်ငံအကြီးအကဲတွေနဲ့ တာဝန်ရှိသူတွေဟာ ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံရတဲ့ ကျေးလက်ဒေသတွေအထိ ကွင်းဆင်းစစ်ဆေးပြီး လိုအပ်တဲ့ အစီအစဉ်တွေ အမြန်ဆုံး ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် နာဂစ်အလွန်ကာလမှာ လူတန်းစေ့ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာနဲ့ အဆင့်အတန်းမြင့်မားစွာ နေထိုင်ကြရတာ ဖြစ်ပါတယ်။ အလားတူ နာဂစ်ဒဏ်ခံရတဲ့ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေးနဲ့ သာသနိကအဆောက်အအုံတွေကို ချက်ချင်း ပြန်လည်တည်ဆောက်ပြီး လိုအပ်တဲ့ဆေးဝါးနဲ့ ဆေးရုံသုံး ပစ္စည်းကိရိယာတွေ၊ ခေတ်မီရောဂါရှာဖွေရေး စက်ကိရိယာတွေ၊ အထူးကု ဆရာဝန်ကြီးတွေနဲ့ ကျွမ်းကျင်ပညာရှင်တွေ ဖြည့်တင်းဆောင်ရွက်ပေးနိုင်ခဲ့တာမို့ ကျန်းမာရေးဆိုင်ရာ ကြီးမားတဲ့ပြဿနာတွေ မရှိခဲ့တာဖြစ်ပါတယ်။ နိုင်ငံတော်၏ ဦးဆောင်စီစဉ်ဆောင်ရွက်မှု၊ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် စေတနာရှင်ပြည်သူများ၏ ဝိုင်းဝန်းထောက်ပံ့မှု၊ နိုင်ငံတကာရဲ့ကူညီပံ့ပိုးမှုတွေကြောင့် ပျက်စီးမှုများကို အမြန်ဆုံး ပြန်လည်တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။**

ဒီနေရာမှာ စာရေးသူ တင်ပြချင်တဲ့အချက်က ကျန်းမာရေးနဲ့ပတ်သက်တဲ့ လုပ်ငန်းတွေဆောင်ရွက်ရာမှာ ကျန်းမာရေးဝန်ထမ်းတွေချည်းပဲ ဆောင်ရွက်၍ မရသလို တစ်ဦးကောင်း၊ တစ်ယောက်ကောင်းနဲ့ ဆောင်ရွက်လို့မရနိုင်ပါဘူး။ ကျန်းမာရေးနှင့်ပတ်သက်လို့ လူတစ်ဦးချင်းမှာ မှန်ကန်တဲ့အသိအမြင်၊ အတွေ့အကြုံ၊ ဗဟုသုတနဲ့ ခံယူချက်ကို အကောင်အထည်ဖော်နိုင်ဖို့ Community Participation ဆိုတဲ့ လူအများ ပါဝင်ဆောင်ရွက်မှသာ ရည်မှန်းချက် အောင်မြင် ပေါက်ရောက်နိုင်တယ်ဆိုတာကို ပြောချင်တာပါ။

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဟာ လူတွေအတွက် ဆိုးကျိုးဖြစ်စေခဲ့ပေမယ့် တစ်ချိန်တည်းမှာ သင်ခန်းစာတွေအများကြီးကိုလည်း ပေးလိုက်တဲ့အတွက် သဘာဝဘေးကြုံတွေ့မယ်ဆိုရင် မတုန်လှုပ်ဘဲ တည်တည်ငြိမ်ငြိမ် ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေကိုတစ်ပွေ့တစ်ပိုက်ကြီး ရရှိလိုက်တာမို့ **အရှုံးထဲက အမြတ်**လို့ဆိုရမှာပါ။ ဒါကြောင့် စာရေးသူတို့ ဆေးလောကက ပြောစမှတ်ပြုကြတဲ့ **ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုကောင်း၏**ဆိုသလို သဘာဝဘေးကြုံတွေ့တဲ့အခါ ထိခိုက်ပျက်စီးဆုံးရှုံးမှု နည်းပါးအောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်သင့်တယ်ဆိုတာကို ရေးသားတင်ပြလိုက်ရပါတယ်။ ။

နိုင်ငံအကြီးအကဲတွေနဲ့ တာဝန်ရှိသူတွေဟာ ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံရတဲ့ ကျေးလက်ဒေသတွေအထိ ကွင်းဆင်းစစ်ဆေးပြီး လိုအပ်တဲ့အစီအစဉ်တွေ အမြန်ဆုံး ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် နာဂစ်အလွန်ကာလမှာ လူတန်းစေ့ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာနဲ့ အဆင့်အတန်းမြင့်မားစွာ နေထိုင်ကြရတာ ဖြစ်ပါတယ်။ အလားတူ နာဂစ်ဒဏ်ခံရတဲ့ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေးနဲ့ သာသနိကအဆောက်အအုံတွေကို ချက်ချင်း ပြန်လည်တည်ဆောက်ပြီး လိုအပ်တဲ့ဆေးဝါးနဲ့ ဆေးရုံသုံး ပစ္စည်းကိရိယာတွေ၊ ခေတ်မီရောဂါရှာဖွေရေး စက်ကိရိယာတွေ၊ အထူးကု ဆရာဝန်ကြီးတွေနဲ့ ကျွမ်းကျင်ပညာရှင်တွေ ဖြည့်တင်းဆောင်ရွက်ပေးနိုင်ခဲ့တာမို့ ကျန်းမာရေးဆိုင်ရာ ကြီးမားတဲ့ပြဿနာတွေ မရှိခဲ့တာဖြစ်ပါတယ်။ နိုင်ငံတော်၏ ဦးဆောင်စီစဉ်ဆောင်ရွက်မှု၊ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် စေတနာရှင်ပြည်သူများ၏ ဝိုင်းဝန်းထောက်ပံ့မှု၊ နိုင်ငံတကာရဲ့ကူညီပံ့ပိုးမှုတွေကြောင့် ပျက်စီးမှုများကို အမြန်ဆုံး ပြန်လည်တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။

MNL CUP Grand Royal 2009 ဘောလုံးပြိုင်ပွဲ ဒုတိယနေ့ယှဉ်ပြိုင် ရတနာပုံ F.C က Southern Myanmar F.Cကို နှစ်ဂိုးပြတ်အနိုင်ရ

သတင်းမြင်ကွင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)နှင့် ဖိုးသော်ဇင်၊ စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး(မြန်မာ့အလင်း)

ရန်ကုန် မေ ၁၇

MNL CUP Grand Royal 2009 ဘောလုံးပြိုင်ပွဲ ဒုတိယပွဲစဉ်ကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်းတွင် ကျင်းပခဲ့ရာ ရတနာပုံ F.C က Southern Myanmar F.C ကို နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရသွားပါတယ်။

ရတနာပုံ F.C -နှစ်ဂိုး
Southern Myanmar F.C-ဂိုးမရှိ

အဖွင့်ပွဲစဉ်နေ့ကလောက် ပရိသတ်များပြားမှု မရှိတော့ပေမယ့် မြန်မာဘောလုံး ပရိသတ်တွေရဲ့ စိတ်ဝင်စားမှုနဲ့ အားပေးမှုကတော့ လျော့မသွားခဲ့ပါဘူး။ အထူးတန်းအပြည့်နီးပါးရှိခဲ့သလို ရတနာပုံ F.C နဲ့ Southern Myanmar F.C တို့ရဲ့ အသင်းပရိသတ်တွေရဲ့ အားပေးမှုကလည်း ဘောလုံးသမားတွေကို စိတ်ဓာတ်တက်ကြွစေသည်အထိ အားပေးမှုတွေကောင်းခဲ့ပါတယ်။ ဒီနေ့ပွဲမှာ နှစ်သင်းစလုံးခြေစွမ်းအရ ကွာခြားမှုမရှိခဲ့ပေမယ့် အဆုံးအဖြတ် ဖြစ်သွားတာကတော့ အသင်းကို ဦးဆောင်ကစားမယ့်သူနဲ့ ဂိုးသွင်းမယ့် တိုက်စစ်မှူး မရှိခဲ့တာပါပဲ။

"အနိုင်ရလို့ အလွန်ပျော်ပါတယ်"
ရိုဟန်
ရတနာပုံနည်းပြချုပ်။

ပညာ၊ သမ္ဘာ

ရတနာပုံ F.C ကတော့ ခေါ်ယူစာချုပ်ထားတဲ့ ပြည်ပကစားသမားငါးဦးထဲက လေးဦးကို First Line Up အဖြစ် အသုံးပြုသွားပြီး လက်ရွေးစင်ကစားသမားတွေဖြစ်တဲ့ ရန်ပိုင်၊အောင်ကျော်မိုး၊ ထွန်းထွန်းဝင်း၊ ပိုင်စိုးတို့နဲ့ တွဲဖက် အသုံးပြုသွားပါတယ်။ ရတနာပုံ F.C အသုံးပြုသွားတဲ့ ပြည်ပကစားသမား လေးဦးကတော့ ခြေစွမ်းပြကစားနိုင်ခဲ့ပြီး နောက်ခံလူ Gnonsian ဆိုရင် အကောင်းဆုံးဆုရရှိသည်အထိ ခြေစွမ်းပြကစားခဲ့ပါတယ်။ ရတနာပုံ F.C ဟာ ကွင်းလယ်ပိုင်းမှာ အသာရခဲ့လို့ အနိုင်ရခဲ့တယ်လို့ပြောလို့ရပါတယ်။ လူငယ်ဘောလုံးသမားတွေကို ပြုစုပျိုးထောင်ပေးဖို့အတွက် လူငယ်တွေနဲ့ ဖွဲ့စည်းထားတဲ့ Southern Myanmar F.C အသင်းကတော့ အခုပွဲမှာ ကစားအားရှိပေမယ့် ပညာ၊ သမ္ဘာပိုင်းမှာ မယှဉ်သာခဲ့လို့ ရှုံးနိမ့်ခဲ့ရတာ ဖြစ်ပါတယ်။

အောင်ကျော်မိုး၊ ထွန်းထွန်းဝင်းနဲ့ ဘာဘိုတို့ရဲ့ ကွင်းလယ်ပိုင်း၊ ရန်ပိုင်ရဲ့ ရှေ့ကတိုးအားတွေဟာ ရတနာပုံ F.C ရဲ့ တိုက်စစ်ကို အကောင်းဆုံး ပံ့ပိုးနိုင်ခဲ့ပါတယ်။ Southern Myanmar ရဲ့ နောက်ခံလူတွေသာ ဖျက်အားမကောင်းခဲ့ရင် ရတနာပုံအတွက် ဂိုးသွင်းခွင့်တွေ ပိုရသွားနိုင်ပါတယ်။ ၂၈မိနစ်မှာတော့ ရတနာပုံ F.C အဖွင့်ဂိုးရသွားပြီး တိုက်စစ်မှူး ရန်ပိုင်က ခေါင်းတိုက်သွင်းယူခဲ့တာဖြစ်ပါတယ်။ Southern Myanmar F.C ကတော့ ခံစစ်ပိုင်းကို အားပြုကစားနေရလို့ တိုက်စစ်ပြန်ဆင်တဲ့အခါမှာ မထိရောက်ခဲ့ပါဘူး။

တိုက်စစ်

ဒုတိယပိုင်းမှာလည်း ရတနာပုံ F.C ရဲ့ တိုက်စစ်ကို Southern Myanmar တို့မထိန်းချုပ်နိုင်ခဲ့ပါဘူး၊ အဲဒါကြောင့်ပဲ ၇၇မိနစ်မှာ လက်ရွေးစင်ကစားသမား ထွန်းထွန်းဝင်းက ဒုတိယဂိုး ထပ်မံသွင်းယူသွားပါတယ်။ တောင်ပံနှစ်ဖက်က ဖြတ်တင်ဘောတွေသာ ထိရောက်ခဲ့ရင် ရတနာပုံ F.C ဒီထက်ဂိုး ပိုရသွားနိုင်ပါတယ်။

Southern Myanmar အသင်းကလည်း ဂိုးပြန်ရနိုင်တဲ့ အခွင့်အရေးနှစ်ကြိမ် ပြန်ရခဲ့ပေမယ့် မျိုးလှိုင်ဦးနဲ့ သန့်ဇင်ဦးတို့ အသုံးမချနိုင်ခဲ့လို့ ပထမဦးဆုံးပွဲမှာပဲ အရှုံးနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ရတနာပုံ F.C ကတော့ အဖွင့်လုခဲ့လို့ နောက်ပွဲတွေအတွက် ပိုကြိုးစားမယ့် အနေအထားမှာ ရှိနေပါတယ်။

အကောင်းဆုံး

အကောင်းဆုံးဆုရ Gnonsian (ရတနာပုံ) ကို IBTC မှ ဦးစိုးတင်သိန်းက Grand Royal မှ ချီးမြှင့်ငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ အနိုင်ရရှိသွားတဲ့ ရတနာပုံF.C ကိုကမ္ဘောဇဘဏ်လီမိတက်မှ အကြီးတန်း အထွေထွေမန်နေဂျာ ဦးသန်းစိုးက ကမ္ဘောဇဘဏ်မှ ချီးမြှင့်ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း ချီးမြှင့်ခဲ့ပါတယ်။

သူတို့ပါဝင်

ရတနာပုံ F.C မှာ ဂိုး-ယဉ်မင်းအောင်၊ နောက်တန်း-ခင်မောင်ထွန်း၊ ကျော်ဇေယျာမင်း၊ Gnonsian ၊ ကမ်ဘူ၊ အလယ်တန်း-အောင်ကျော်မိုး၊ ထွန်းထွန်းဝင်း၊ ပိုင်စိုး (ထက်နိုင်ဝင်း) ၊ ဘာဘို၊ ရှေ့တန်း-ရန်ပိုင်၊ တိုရော (ထက်ကျော်သူဝင်း)တို့ ပါဝင် ကစားခဲ့ကြပြီး Southern Myanmar F.C မှာ ဂိုး-ပြည့်ဖြိုးအောင်၊ နောက်တန်း-ဟန်ထွန်း၊ နိုင်လင်းဦး၊ ဇော်ခါး၊ ရန်မျိုးအောင်၊ အလယ်တန်း-စိုးမြတ်သူ (သိန်းစိုးမင်း)၊ ဗညားဦး (စိုးကျော်သူ)၊ ကိုကိုမောင်၊ ဝေလင်း၊ စံမျိုးဦး၊ ရှေ့တန်း- မျိုးလှိုင်ဦး (သန့်ဇင်ဦး)တို့ပါဝင်ကစားခဲ့ကြပါတယ်။

"ရတဲ့အခွင့်အရေးတွေ အသုံးမချနိုင်ခဲ့ပါဘူး"
ဦးကျော်တင့်
နည်းပြချုပ်
Southern Myanmar။

ရတနာပုံ F.C နည်းပြချုပ် မစ္စတာရိုဟန်က "ပြိုင်ဘက်အသင်းဟာ လူငယ်တွေနဲ့ ဖွဲ့စည်းထားတာဖြစ်လို့ ကျွန်တော်တို့ ပိုကြိုးစားခဲ့ရပါတယ်။ ကျွန်တော်တို့အသင်းဟာ ကစားပုံကလည်း အကောင်းဆုံးမဖြစ်ခဲ့လို့ ခက်ခက်ခဲခဲ ကစားခဲ့ရပါတယ်။ ဒါပေမယ့် ကစားသမားတွေ့ရဲ့ ကြိုးစားမှုကို ကျေနပ်ပါတယ်။ ပရိသတ်တွေရဲ့အားပေးမှုကိုလည်း ကျေးဇူးတင်ပါတယ်။ပွဲဦးထွက်ပွဲမှာအနိုင်ရခဲ့လို့ အလွန်ပျော်ပါတယ်။ ရည်မှန်းချက်တွေပြည့်ဖို့ ကျွန်တော်တို့ ဆက်ကြိုးစားရဦးမှာပါ" လို့ ပြောကြားခဲ့ပါတယ်။

အမှားအချို့

Southern Myanmar F.C နည်းပြချုပ် ဦးကျော်တင့်က "ရတနာပုံ F.C က ကောင်းပေမယ့် ဒီရလဒ်ကတော့ မဖြစ်သင့်ပါဘူး။ ကျွန်တော်တို့ ရတဲ့အခွင့်အရေးတွေ ဂိုးမရခဲ့သလို ဂိုးသမားရဲ့ ဆုံးဖြတ်ချက် အမှားအချို့ကြောင့်လည်း ဂိုးတွေပေးခဲ့ရပါတယ်။ ကစားသမားတွေရဲ့ ကြိုးစားအားထုတ်မှုကို ကျေနပ်ပေမယ့် ပညာ၊ သမ္ဘာကွာလို့ ရှုံးခဲ့ရတာပါ။ ကျွန်တော်တို့က လူငယ်ကစားသမားတွေကို ပြုစုပျိုးထောင်ရင်း နိုင်ပွဲတွေရအောင် ကစားသွားမှာပါ" လို့ ပြောကြားခဲ့ပါတယ်။

၁၉-၅-၂၀၀၉
(အောင်ဆန်းကွင်း)
Delta United F.C- မကွေး F.C။
(မြန်မာ့အလင်း)

ရတနာပုံတိုက်စစ်မှူး ရန်ပိုင်အား Southern Myanmar နောက်ခံလူ ရန်မျိုးအောင် တားဆီးနေစဉ်။
(မြန်မာ့အလင်း)

ပရိသတ်များ တစ်ခဲနက်ကြည့်ရှုအားပေးခဲ့ကြစဉ်။ (မြန်မာ့အလင်း)

လီဗာပူးတို့ အဝေးကွင်း၌ နိုင်ပွဲရ ချယ်လ်ဆီးလည်း အိမ်ကွင်းတွင် နှစ်ဂိုးသွင်းယူ

အားကစားသတင်းမှတ်စု - မောင်မောင်မြင့်ဆွေ

လန်ဒန် မေ ၁၇

ပရီမီယာလိဂ်ဖလားကို မန်ယူတို့ ဆွတ်ခူးသွားပြီဖြစ်သော်လည်း အသင်းရပ်တည်မှုဂုဏ်သိက္ခာအတွက် ထိပ်တန်းအသင်းများဖြစ်သည့် လီဗာပူး၊ ချယ်လ်ဆီးတို့ ပြိုင်ဘက်အသင်းများနှင့် ပွဲစဉ်(၃၇)ကို မေ၁၇ရက်က ဆက်လက်ယှဉ်ပြိုင်ရာ လီဗာပူးက ဝက်စ်ဘရွန်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိသွားသည်။

ဝက်စ်ဘရွန်းနှင့် လီဗာပူး

ဒရက်ကွတ်နှင့် ဘီနာယောင်တို့ကို တိုက်စစ်တွင်ထားပြီး ဂျရတ်၊ တောရက်စ်တို့ဖြင့် အုပ်စုဖွဲ့ကစားခဲ့သဖြင့် လီဗာပူးတို့ ဝက်စ်ဘရွန်းကို ဂိုးသွင်းခွင့် ၁၉ ကြိမ်ရရှိပြီး အပိုင်ကန်သွင်းခွင့် ရှစ်ကြိမ်ရရှိခဲ့သည်။ လီဗာပူးအတွက် ပထမဂိုးကို ၂၈မိနစ်၌ ဂျရတ်က ဝက်စ်ဘရွန်းဂိုး ဧရိယာအတွင်းမှ ညာခြေဖြင့် အပိုင်ကန်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုးရရှိခဲ့သည်။

အနိုင်ရ

ဝက်စ်ဘရွန်းတို့ချေပဂိုးရရှိရန် အခွင့်အရေးများရရှိခဲ့သော်လည်း အဆုံးသတ်မသေချာသဖြင့် အပိုင်ဂိုးသွင်းခွင့် လေးကြိမ်ရရှိခဲ့သော်လည်း တစ်ဂိုးမျှ မချေပနိုင်ခဲ့ချေ။ လီဗာပူးအတွက် ဒုတိယဂိုးကို ပွဲချိန်၆၃မိနစ်တွင် ဒရက်ကွတ်က ဂျရတ်ပေးလိုက်သည့် ဘောလုံးကို ညာခြေဖြင့် အပြင်းကန်သွင်းယူခဲ့သဖြင့် လီဗာပူးတို့ နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဝက်စ်ဘရွန်းနှင့် လီဗာပူးတို့ပွဲတွင် ဒုတိယဂိုးကို လီဗာပူးတိုက်စစ်မှူး ဒရက်ကွတ် (ယာ) ဤသို့ သွင်းယူခဲ့သည်။
(အင်တာနက်ဓာတ်ပုံ)

ချယ်လ်ဆီးနှင့် ဘလက်ဘန်း

ချယ်လ်ဆီးတို့အိမ်ကွင်း၌ ဖိကစားနိုင်ခဲ့ပြီး အပိုင်ဂိုးသွင်းခွင့်ငါးကြိမ်ရရှိခဲ့သည်။ အနယ်လ်ကာ၊ ဒရော့ဘာနှင့် မာလူဒါတိုက်စစ်အတွဲက ဘလက်ဘန်းနောက်တန်းကို အကြိမ်ကြိမ် ထိုးဖောက်ကစားနိုင်ခဲ့သည်။

သွင်းယူ

ချယ်လ်ဆီးအတွက် အဖွင့်ဂိုးကိုပွဲချိန်လေးမိနစ်၌ အနယ်လ်ကာ ဂိုးရှေ့ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို မာလူဒါခေါင်းတိုက်သွင်းယူခဲ့သဖြင့် ဂိုးစတင်ရရှိခဲ့သည်။ ချယ်လ်ဆီးတို့ ဆက်တိုက်ဖိကစားရာ ပွဲချိန် ၅၉မိနစ်၌ ဒရော့ဘာဖြတ်ပေးလိုက်သည့် ဘောလုံးကို အနယ်လ်ကာက ညာခြေဖြင့် ကန်သွင်းယူခဲ့သဖြင့် ချယ်လ်ဆီးတို့နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ပရီမီယာလိဂ်ပွဲစဉ်(၃၇)အပြီး အသင်းများ၏ ရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	မန်ယူ	၃၇	၂၇	၆	၄	၈၇
၂	လီဗာပူး	၃၇	၂၄	၁၁	၂	၈၃
၃	ချယ်လ်ဆီး	၃၇	၂၄	၈	၅	၈၀
၄	အာဆင်နယ်	၃၇	၁၉	၁၂	၆	၆၉
၅	အဲဗာတန်	၃၇	၁၆	၁၂	၉	၆၀
၆	ဗီလာ	၃၇	၁၆	၁၁	၁၀	၅၉
၇	ဖူလ်ဟမ်	၃၇	၁၄	၁၁	၁၂	၅၃
၈	စပါး	၃၇	၁၄	၉	၁၄	၅၁
၉	ဝက်စ်ဟမ်း	၃၇	၁၃	၉	၁၅	၄၈
၁၀	မန်စီးတီး	၃၇	၁၄	၅	၁၈	၄၇
၁၁	စတုတ်	၃၇	၁၂	၉	၁၆	၄၅
၁၂	ဝီဂန်	၃၇	၁၁	၉	၁၇	၄၂
၁၃	ဘော်လ်တန်	၃၇	၁၁	၈	၁၈	၄၁
၁၄	ဘလက်ဘန်း	၃၇	၁၀	၁၀	၁၇	၄၀
၁၅	ပို့စ်မောက်	၃၆	၉	၁၁	၁၆	၃၈
၁၆	ဆန်းဒါးလန်း	၃၆	၉	၉	၁၈	၃၆
၁၇	ဟူးလ်စီးတီး	၃၇	၈	၁၁	၁၈	၃၅
၁၈	နယူးကာဆယ်	၃၇	၇	၁၃	၁၇	၃၄
၁၉	မစ်ဒယ်ဘရော့	၃၇	၇	၁၁	၁၉	၃၂
၂၀	ဝက်စ်ဘရွန်း	၃၇	၈	၇	၂၂	၃၁

(အင်တာနက်)

18-5 (11).pmd 1 5/18/2009, 2:17 AM

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ညဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

သက်ကြီးဆရာဝန်များ ထောက်ကူအဖွဲ့ သက်ကြီးဆရာဝန်များအား အရိုးပွမှု စစ်ဆေးပေးမည်

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်) သက်ကြီးဆရာဝန်များထောက်ကူအဖွဲ့မှ အသက် ၇၀ကျော်ရှိ သက်ကြီး ဆရာဝန်များ အား အရိုးပွမှု စစ်ဆေးခြင်း (Bone Densitometry)ကို ဇွန်၃ရက်နှင့် ၅ရက် များတွင် ဗဟိုစည်အထူးကု ဆေးခန်း၌ ပြုလုပ်ပေးမည်ဖြစ်ရာ ပါဝင်စစ်ဆေးခံယူ လိုသော အဖွဲ့ဝင် ဆရာဝန်ကြီးများသည် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာ တောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန် အသင်း သက်ကြီးဆရာဝန်များထောက်ကူ အဖွဲ့ရုံးခန်း ဖုန်း-၃၉၄၂၂၉၊ ဒေါက်တာ ဦးရွှေလွင် ဖုန်း-၀၉-၈၅-၅၃၂၈၉၊၀၉-၈၀-၂၀၀၆၈၊ ဒေါက်တာ ရီရီစိန် ဖုန်း-၅၂၄၈၈၇၊၀၉-၂၁-၃၁၅၃၂၊ပါမောက္ခ ဒေါ်တင်တင်အောင် ဖုန်း-၅၀၀၉၄၀၊ ဒေါက်တာဒေါ်သိန်းကြည် ဖုန်း-၅၃၆၃၈၉၊ ပါမောက္ခဒေါ်အုန်းကြည် ဖုန်း-၅၃၇၆၆၄ တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား

ကျွန်တော့်ဘ၀ရဲ့ ထူးခြားတဲ့မှတ်တိုင်တစ်တိုင်ပါပဲ — ဖာဂူဆန်
မန်ယူတို့ ဆုဖလားရသွားတာ ထိုက်တန်ပါတယ် — အာစင်ဝင်းဂါး

ရေးသားတင်ပြသူ-မောင်မောင်မြင့်ဆွေ စာမျက်နှာဖွဲ့စည်းမှု-သန်းအေး(မြန်မာ့အလင်း)

လန်ဒန် မေ ၁၇

၂၀၀၈-၂၀၀၉ ဘောလုံးရာသီရဲ့ ပရီးမီးယားလိဂ် ဖလားကို ပွဲစဉ်(၃၇)အဖြစ် မန်ယူနဲ့ အာဆင်နယ်တို့ ကစားပြီးတဲ့ အချိန်မှာ သရေပွဲရလဒ်နဲ့မန်ယူတို့ တတိယအကြိမ်မြောက် သိမ်းပိုက် အောင်ပွဲခံနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

အောင်ပွဲခံ

မန်ယူတို့ ပရီးမီးယားလိဂ်ဖလား ရယူရေးဟာ မိမိတို့နဲ့ကစားမယ့်ပွဲ ရလဒ် ကြောင့် အကောင်အထည် မပေါ်စေရဘူး လို့ ခံယူစိတ်ထားခဲ့တဲ့ အာဆင်နယ် တို့လည်း တကယ်တမ်း အိုးထရက် ဖို့ဒ်မှာ မန်ယူနဲ့ယှဉ်ပြိုင်ကစားတဲ့အခါ ဆန္ဒနဲ့ ဖြစ်ရပ် တစ်ထပ်တည်းမကျဘဲ ပွဲအပြီးမှာ မန်ယူတို့ပရီးမီးယားလိဂ်ဖလား ကိုင်မြှောက် အောင်ပွဲခံနေတာကို ငေး ကြည့်နေခဲ့ရုံကလွဲပြီး ဘယ်လိုမှ မတား ဆီးနိုင်အောင် ဖြစ်ခဲ့ရပါတယ်။

မန်ယူအသင်းအတွက် သုံးနှစ်ဆက် တိုက် ဖလားရယူနိုင်အောင် ကြိုးစား စွမ်းဆောင်ပေးခဲ့တဲ့ နည်းပြ ဖာဂူဆန်က ဒီပွဲစဉ်နဲ့ ပတ်သက်ပြီး "အာဆင်နယ် ကစားတာ ကောင်းလို့ ကျွန်တော်တို့ နောက်တစ်ပွဲ ကစားရတော့မယ် ထင်နေ ခဲ့တာ၊ အာဆင်နယ် ကစားသမားတွေရဲ့ စိတ်ဓာတ် ကောင်းကောင်းနဲ့ ကစားသွား တာ တွေ့ရတယ်။ ဒါပေမယ့် မန်ယူ အသင်းရဲ့ ဖလားရယူရေး စိတ်ဓာတ်နဲ့ ကစားအားကိုတော့ သူတို့မကျော်လွှားနိုင် ခဲ့ပါဘူး။ အခုလို သုံးနှစ်ဆက်တိုက် ဖလား ရယူနိုင်ခဲ့တာဟာ ကျွန်တော့် ဘ၀ရဲ့ ထူးခြားတဲ့ မှတ်တိုင် တစ်ခုပါပဲ" လို့ပြော ကြားခဲ့ပါတယ်။

"အခွင့်အရေးကိုအသုံးမချနိုင်ခဲ့ဘူး"
အာဆင်နယ်နည်းပြ အာစင်ဝင်းဂါး

အားသစ်တွေ

အခုလို ပရီးမီးယားလိဂ် ဖလားရယူ ရေးအတွက် တစ်ရာသီလုံး ခက်ခက်ခဲခဲ

"စိုးရိမ်စိတ်များခဲ့ရတယ်"
မန်ယူနည်းပြ ဖာဂူဆန်

ဖြတ်သန်းခဲ့ရမှုနဲ့ ပတ်သက်ပြီး ဖာဂူဆန် က "ကျွန်တော်တို့ အကျပ်အတည်းတွေ အများကြီး ရင်ဆိုင်ခဲ့ရတယ်။ ရာသီကုန် ချိန် နီးလာလေ စိုးရိမ်စိတ် များရလေပါပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော်တို့ တစ်ချက်မှားတာနဲ့ လီဗာပူးက အခွင့် အရေး ရသွားနိုင်လို့ပါပဲ။ စိတ်ပင်ပန်း လူပင်ပန်း ဖြစ်ခဲ့ရပါတယ်။ ဒါပေမယ့် ပရီးမီးယားလိဂ်ဖလားကို ရယူနိုင်ခဲ့ချိန်မှာ စိတ်ပင်ပန်းမှုတွေ ပပျောက်သွားပြီး နောက် နှစ်အတွက် အားသစ်တွေ ဖြစ်ပေါ်နေပါ ပြီ"လို့ ဖာဂူဆန်က ဆက်လက်ပြောကြား ပါတယ်။

သက်တမ်းတစ်လျှောက်

ဒါ့အပြင် မန်ယူနည်းပြကြီး ဖာဂူဆန် ကတော့ မန်ယူအသင်းကို နည်းပြလုပ်ခဲ့ တဲ့ သက်တမ်းတစ်လျှောက်မှာ လက်ရှိ မန်ယူအသင်းဟာ အကောင်းဆုံးအသင်း ဖြစ်တယ်လို့လည်း ပြောကြားခဲ့ပါတယ်။

မန်ယူအသင်းကို အိုးထရက်ဖို့ဒ်မှာ သရေရလဒ်သာ ကစားနိုင်ခဲ့လို့ ရလဒ် တစ်မှတ်နဲ့ မန်ယူတို့ ပရီးမီးယားလိဂ်ဖလား ရယူသွားတဲ့ပွဲနဲ့ ပတ်သက်ပြီး အာဆင်နယ် နည်းပြ အာစင်ဝင်းဂါးက "အခွင့်အရေး ကောင်းတွေသာ ကျွန်တော့်လူတွေ အပြည့် အဝအသုံးချနိုင်ရန် ဒီနေ့ဒီအချိန်မှာ မန်ယူ တို့ အခုလိုအောင်ပွဲခံနိုင်မှာ မဟုတ်ပါဘူး။ ဒါပေမယ့် ဒီပွဲကစားပြီး မန်ယူတို့ ဖလား ဆွတ်ခူးသွားတာ ထိုက်တန်တယ်လို့ ထင် ပါတယ်"လို့ နည်းပြ အာစင်ဝင်းဂါးက ဝန်ခံ ပြောကြားခဲ့ပါတယ်။

ထိုက်တန်

အာဆင်နယ်အသင်းဟာ လူငယ် ကစားသမားတွေနဲ့ ဖွဲ့စည်းမှုကောင်းတဲ့ အသင်းဖြစ်ပေမယ့် လေးရာသီဆက်တိုက် ဖလား လက်မဲ့ ဖြစ်ခဲ့တာနဲ့ ပတ်သက်ပြီး အာစင်ဝင်းဂါးက "လူငယ်တွေ အတော် ကစားနိုင်ခဲ့ကြတယ်။ သူတို့ ကစားသွား တာကို ကျွန်တော်ကျေနပ်အားရပါတယ်။ ကျွန်တော့်လူတွေ တာဝန်ကျေကျေ ကစား သွားနိုင်ပေမယ့် မန်ယူကစားသမားတွေ လောက်အသင်းလိုက် မကစားနိုင်ကြပါ ဘူး။ မန်ယူအသင်းဟာ ပရီးမီးယားလိဂ် ဖလားနဲ့ ထိုက်တန်တဲ့ အသင်းပါပဲ" လို့ ပြောကြားသွားပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

စီးရီးအေချန်ပီယံ ဆုဖလား မော်ရင်ဟို ဆွတ်ခူးပေးခဲ့ပြီ

ရောမ မေ ၁၇

အင်တာနည်းပြ မော်ရင်ဟို

အီတလီစီးရီးအေ ပွဲစဉ်(၃၆)ကို မေ ၁၆ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အေစီမီလန်က အူဒီးနိစ်အား နှစ်ဂိုး-တစ် ဂိုးဖြင့် ရှုံးနိမ့်ခဲ့၍ အင်တာမီလန်တို့ လေးနှစ် ဆက်တိုက် စီးရီးအေချန်ပီယံဆု ဆွတ်ခူး နိုင်ခဲ့ပြီ ဖြစ်သည်။

အင်တာမီလန်အသင်းသည် ပွဲစဉ် (၃၅)ကစားပြီးချိန်တွင် ရမှတ် ၇၈မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နေခဲ့သည်။ ဒုတိယနေရာမှ အေစီမီလန်အသင်းသည် ပွဲစဉ်(၃၆) ကစားအပြီး ရမှတ် ၇၁မှတ်သာရရှိခဲ့သည်။ အေစီမီလန်အသင်းမှာ လက်ကျန် ပွဲနှစ်ပွဲကစားရန် ကျန်ရှိနေသေးသည်။ ယင်းလက်ကျန်နှစ်ပွဲတွင် အနိုင်ရသည်ဖြစ်စေ၊ ရှုံးနိမ့်သည်ဖြစ်စေ အင်တာမီလန်ရရှိထားသည့် ရမှတ် ၇၈မှတ်ကို မီနိုင်ခြင်းမရှိ တော့သည့်အတွက် အင်တာမီလန်တို့ ပွဲမကုန်မီချန်ပီယံ ဖြစ်ခဲ့ရခြင်းဖြစ်သည်။

အင်တာမီလန်အသင်း လေးနှစ်ဆက်တိုက် စီးရီးအေချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ ခြင်းနှင့်အတူ နည်းပြမော်ရင်ဟို၏ ဂုဏ်သိက္ခာကိုလည်း တိုးစေခဲ့သည်။

မော်ရင်ဟိုသည် စီးရီးအေသို့ ပထမဆုံးရောက်သည့်နှစ်မှာပင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းသည် ထူးခြားမှုတစ်ရပ်ပင်ဖြစ်သည်။ ၎င်းသည် ခုနစ်နှစ်တာ ကာလအတွင်း နိုင်ငံသုံးနိုင်ငံ၌ ချန်ပီယံဆုဖလား ငါးလုံးမြောက် ဆွတ်ခူးပေးနိုင်ခဲ့သည်။ မော်ရင်ဟိုသည် ၂၀၀၃ခုနှစ်နှင့် ၂၀၀၄ခုနှစ်တို့တွင် ပေါ်တိုအသင်းအား ပေါ်တူဂီချန်ပီယံ ဆုဖလားများ၊ ၂၀၀၅ခုနှစ်နှင့် ၂၀၀၆ခုနှစ်တို့တွင် ချယ်လ်ဆီးအသင်းနှင့်အတူ ပရီးမီးယား လိဂ်ဖလားများ ဆွတ်ခူးနိုင်ခဲ့သည်။ (အင်တာနက်)

တီဗက်ဇ်၏ အနာဂတ် မန်ယူတွင် ရှိနေမည်ဟု ဖာဂူဆန်ပြောကြား

လန်ဒန် မေ ၁၇

တိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်သည် အိုးထရက်ဖို့ဒ်တွင် ဆက်လက်နေပြီးကစား နိုင်လိမ့်မည်ဖြစ်ကြောင်း မန်ယူနည်းပြ ဖာဂူဆန်က ပြောကြားလိုက်သည်။

မရေမရာ

အာဂျင်တီးနားတိုက်စစ်မှူး တီဗက်ဇ်၏ အနာဂတ်နှင့် ပတ်သက်ပြီး တစ်ရာသီလုံး သံသယ ဖြစ်နေခဲ့သည်။ မန်ယူတို့ ပရီးမီးယားလိဂ်ဖလားကို သုံးနှစ် ဆက်တိုက် ဗိုလ်စွဲနိုင်ခဲ့သည့်တိုင်အောင် တိုက်စစ်မှူး တီဗက်ဇ်၏ အနာဂတ်မှာ မရေမရာဖြစ်နေသည်။

မန်ယူက တီဗက်ဇ်အား နှစ်နှစ် အငှား စာချုပ်ဖြင့် ခေါ်ယူခဲ့သည်မှာ ယခုနှစ် နွေရာသီတွင် ပြီးဆုံးတော့မည် ဖြစ်သည်။

မြင့်မောင်စိုး စုစည်းသည်

စပိန်လာလီဂါ ချန်ပီယံ ဘာကာတို့ ဆွတ်ခူးပြီ

မက်ဒရစ် မေ ၁၇

ဘာစီလိုနာအသင်းသည် စပိန်လာလီဂါဖလားကို သုံးနှစ်အတွင်း ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်လိုက်ပြီ ဖြစ်သည်။

ဦးဆောင်နေ

စပိန်လာလီဂါပွဲစဉ် ၃၆ကို မေ၁၆ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ရီးရဲမက်ဒရစ်က ဗီလာရီးရဲကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်သွားချိန် ဘာစီလိုနာတို့ စပိန်လာလီဂါဖလား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ဘာစီလိုနာတို့ လက်ကျန်ပွဲသုံးပွဲကစားရန် ကျန်ရှိနေသည့် အချိန် တွင် ရမှတ် ၈၆မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နေသည်။ ရီးရဲမက်ဒရစ်မှာ ရမှတ် ၇၈မှတ်ရရှိကာ လက်ကျန်ပွဲ နှစ်ပွဲသာ ကစားရန်ရှိတော့သည်။

ဆွတ်ခူးနိုင်

ထို့ကြောင့် အမှတ်ပေးဇယား ဒုတိယနေရာတွင် ရပ်တည်နေသော ရီးရဲမက်ဒရစ် အသင်းသည် လက်ကျန်နှစ်ပွဲ အနိုင်ရသည်ဖြစ်စေ၊ ရှုံးနိမ့်သည်ဖြစ်စေ ဘာစီလိုနာ ရရှိထား သည့် ၈၆မှတ်ကို ဖိအားပေးနိုင်ခြင်းမရှိတော့၍ ဘာစီလိုနာတို့ ပွဲမကုန်မီ စပိန်လာလီဂါ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

သင်ကြားပြသ

မေ ၁၂ရက်က တောင်ဥက္ကလာပ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး ဖွင့်လှစ်သော သစ်သီးအလှ ပြုပြင်မှု သင်တန်းတွင် သင်တန်း ဆရာမ ဒေါ်ငွေငွေဝင်းက ဖရဲသီးအလှပြုပြင်မှု ကို လက်တွေ့ သင်ကြားပြသစဉ်။

(၁၀၀)

မင်္ဂလာတောင်ညွန့်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၁၇

မင်္ဂလာတောင်ညွန့်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အစည်းအဝေးကို မေ၁၆ရက်မွန်းလွဲ၁နာရီက အထက(၁)မင်္ဂလာတောင်ညွန့် စုဝေးခန်းမ၌ ကျင်းပသည်။

အမှာစကား

အစည်းအဝေးတွင် သဘာပတိအဖြစ် မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း) က ဆောင်ရွက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

အကြံပြု

ထို့နောက် နှစ်ပတ်လည်အစည်းအဝေးသို့တင်သွင်းသည့် အစီရင်ခံစာကို မြို့နယ် စည်းရုံးရေးကော်မတီ စည်းရုံးရေးမှူး ဗိုလ်မှူးတင်မောင်အေး(ငြိမ်း)နှင့် စစ်ဆေးရေးမှူး ဗိုလ်ကြီးဌေးနိုင်(ငြိမ်း)တို့ကဖတ်ကြားတင်ပြသည်။ ဆက်လက်၍ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်နှစ်ဦးက တင်သွင်းသည့် အစီရင်ခံစာအပေါ် ဆွေးနွေးအကြံပြုသည်။

ဆုံးဖြတ်

ထို့နောက် အစည်းအဝေးက ဆုံးဖြတ်ခြင်း သုံးရပ်၊ အတည်ပြုခြင်းတစ်ရပ်နှင့်မှတ်တမ်းတင်ခြင်းနှစ်ရပ်တို့ကို ဆုံးဖြတ်ကာ သဘာပတိက နိဂုံးချုပ် အမှာစကား ပြောကြားပြီး ကြွေးကြော်သံများဖြင့် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (၁၂၃)

မေ၁၀ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ သစ်တောဦးစီးဌာနမှ ကြီးမှူး၍ မြို့နယ်အတွင်း တစ်အိမ်ထောင်ကျွန်းသုံးပင်၊ ယူကလစ်ပင် ၂၀ တစ်ရွာတစ်ဧက စိုက်ပျိုးရန် တာဝန်ပေးအပ်ပွဲ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေဒိုးက ရပ်ကွက်/ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တာဝန်ပေးအပ်စဉ်။ (၁၈၃)

အိမ်မဲမြို့မဈေး ရေမြောင်းများပြုပြင်

အိမ်မဲ မေ ၁၇

အိမ်မဲမြို့မြို့မဈေးအတွင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေမြောင်းများ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နေမှုကို မေ၁၁ရက်က ဈေးအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအုန်းကြိုင်နှင့် ဈေးတာဝန်ခံ ဒေါ်သွယ်ဇာလွင်တို့ ကြီးကြပ်ဆောင်ရွက်ပေးသည်။ (မြို့နယ်စည်ပင်)

ကမ္ဘာ့သတင်းဖြစ်ရပ်များကို မျက်ခြည်မပြတ် လေ့လာလိုလျှင်

နိုင်ငံတကာသတင်းဂျာနယ်

International News Journal

ကိုဖတ်ပါ

သစ်တောသစ်ပင်ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ရပ်ကွက်အတွင်း စီးပွားဖြစ်ဝက်မွေးမြူမှု သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးစေလို

စာတည်းခင်ဗျား-

သဃ်န်းကျွန်းမြို့နယ် စံပြစီမံကိန်း-၂ (၇)ရပ်ကွက် ဗိုလ်တေဇလမ်းအတွင်း လူနေအိမ်များအနီးရှိ ပလပ်မြေကွက်များတွင် စီးပွားဖြစ်ဝက်မွေးမြူလျက်ရှိရာ ၄င်းဝက်မွေးမြူရေးခြံများမှ ထွက်ပေါ်လာသည့် အနံ့အသက်ဆိုးများကြောင့် ရပ်ကွက်အတွင်းနေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် စီးပွားဖြစ် ဝက်မွေးမြူခြင်းကို သင့်လျော်ရာသို့ ပြောင်းရွှေ့နိုင်ရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ဗိုလ်တေဇလမ်းသား**

စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သူများအား ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

အင်းစိန်မြို့နယ် ကြေးတိုင်စု(၂) လမ်းအောက်ပိုင်း လူနေအိမ်ခြေများ၊ စားသောက်ဆိုင်ခန်းများနှင့် ကပ်လျက် ရေမြောင်းကြီးအတွင်းသို့ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများကြောင့် ဝမ်းရောဂါဘေး စိုးရိမ်နေရပါသဖြင့် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သူများအား ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ရောဂါဘေးစိုးရိမ်သူ

လောင်စာဆီကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရ

စာတည်းရှင့်-

ပဲခူးတိုင်း ကြို့ပင်ကောက်မြို့ပေါ် ရပ်ကွက်များ၌မီးလောင်လွယ်စေတတ်သော ဓာတ်ဆီ၊ ဒီဇယ်ဆီစသည်များကို သိုလှောင်ရောင်းချနေသောကြောင့် မီးဘေးအန္တရာယ် စိုးရိမ်ရပါသဖြင့် လိုအပ်သလို ဆောင်ရွက်ပေးပါရန်တင်ပြအပ်ပါသည်။ **မြို့သူတစ်ဦး**

ကျယ်လောင်သော သီချင်းသံများ နားမခံနိုင်

စာတည်းခင်ဗျား-

သာကေတမြို့နယ် (၁)ရပ်ကွက် ထူပါရုံအနောက် ၆လမ်းအဆုံးတွင်ရှိနေသော အိမ်အချို့သည် ပတ်ဝန်းကျင်နားမခံသာအောင် သီချင်းများကို ကျယ်လောင်စွာဖွင့်ခြင်းကြောင့် အိမ်နီးနားချင်းများ၊ လမ်းထဲရှိ သက်ကြီးရွယ်အိုများနှင့် နာမကျန်းဖြစ်သူများမှာ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **ထူပါရုံအနောက် ၆ လမ်းသား**

ဒံပေါက်ဆိုင်၏လုပ်ပုံ ရပ်ကွက်သားများအခက်ကြုံ

စာတည်းခင်ဗျား-

မင်္ဂလာတောင်ညွန့်မြို့နယ် ၁၁၉လမ်းထိပ် ဒံပေါက်ထမင်းဆိုင်တစ်ဆိုင်သည် လူနေရပ်ကွက်အတွင်း ကြက်သတ်ရုံ၊ ကြော်၊ လှော်၊ ချက်ပြုတ်ရုံများထားရှိကာ ၄င်းမှထွက်ပေါ်လာသောအနံ့ဆိုးများကြောင့် ပြည်သူများ၏ကျန်းမာရေးကို ထိခိုက်သည့်အပြင် ကြက်တင်ချကားများ၊ အခြား ပစ္စည်းတင်ချကားများကြောင့် ယာဉ်များ မကြာခဏပိတ်ဆို့နေပြီး ခရီးသွားပြည်သူများ အခက်ကြုံရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါဆိုင်ကို လိုအပ်သလို အရေးယူ ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ ၁၁၉လမ်းသား

ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား-

မော်လမြိုင်မြို့ ကွင်းရပ် ရပ်ကွက်ရှိ အထက်လမ်းမကြီးနှင့် ကျောက်မီးသွေးရုံးလမ်းမကြီးဆုံရာ သီရိမြိုင်ရုပ်ရှင်ရုံရှေ့ရှိ လမ်းဆုံတွင် ထရန်စဖော်မာတစ်ခုနှင့် ဆိုင်ခန်းတစ်ခုမှာ အစွန်းထွက်နေပြီး လမ်းကွေ့နှင့်လွန်စွာနီးကပ်နေပါသဖြင့် ယာဉ်မောင်းများအတွက် မြင်ကွင်းကွယ်နေပါ၍ ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပေါ်လျက်ရှိသောကြောင့် မြင်ကွင်းကွယ် နေရာများအား ဖယ်ရှားရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။ **ကိုယ်တွေ့ကြုံသူတစ်ဦး**

လမ်းမျက်နှာစာ၌ မိလ္လာပိုက်နှင့် ရေဆင်းပိုက်များထားမှု တားဆီးပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၆)ရပ်ကွက် ပေါက်စေတီလမ်းသွယ်(၂) လူသွားလမ်းလမ်းမပေါ်ကပ်၍ ဆောက်လုပ်လျက်ရှိသော လေးထပ်အဆောက်အအုံသည် လူသွားလမ်းမျက်နှာစာနှင့်လူနေအိမ်မျက်နှာစာဘက်တွင် မိလ္လာပိုက်နှင့် ရေဆင်းပိုက်များထားရှိ၍ ဆောက်လုပ်လျက်ရှိရာ လမ်းသွားလမ်းလာများနှင့် လမ်းသူလမ်းသားများ၏ ကျန်းမာရေးထိခိုက်ရုံသာမက နေထိုင်သူများအတွက် အမြင်မသင့်တော်ပါသဖြင့် အဆိုပါ မိလ္လာပိုက်နှင့် ရေဆင်းပိုက်များကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

ပဲခူးမြို့ ရှင်စောပုရပ်ကွက် မုန့်ဟင်းခါးဖိုမှ အနံ့ဆိုးများမခံနိုင်

စာတည်းခင်ဗျား-

ပဲခူးမြို့မှ ရှင်စောပု ဆိုရှယ်လစ်(၁၀)လမ်းထိပ်နှင့် ဗန္ဓုလလမ်းမတန်းရှိ မုန့်ဟင်းခါးဖိုမှာ လူနေရပ်ကွက်တွင် လုပ်ကိုင်လျက်ရှိရာ ထိုမုန့်ဟင်းခါးဖိုမှ နေ့စဉ်နှင့်အမျှ အနံ့ဆိုးများ၊ မီးခိုးပြာမှုန့်များကြောင့် ပတ်ဝန်းကျင် နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးများမခံနိုင်သူ

ရေဆိုးများလျှံကျ၍ လမ်းပျက်စီးနေ

စာတည်းခင်ဗျား-

နေပြည်တော်တပ်ကုန်းမြို့နယ် ဗိုလ်မင်းရောင်ရပ်ကွက် သီရိလမ်းတွင် ရေမြောင်းများ ပိတ်ဆို့နေပါသဖြင့် ရေဆိုးများ လျှံထွက်ကာ လမ်းများ ပျက်စီးပြီး အများပြည်သူများ သွားလာမှုခက်ခဲနေရပါသောကြောင့် သက်ဆိုင်ရာမှ ကူညီဆောင်ရွက်ပေးပါရန်တင်ပြအပ်ပါသည်။

ဗိုလ်မင်းရောင်ရပ်ကွက်သား

မြဝတီမြို့ သစ္စာလမ်းမပေါ် လမ်းပိတ်ဆို့မှု ရှင်းလင်းပြီးစီး

၁၆-၂-၂၀၀၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မြဝတီမြို့ ဘုရင့်နောင်ဈေးကြီးနံဘေး သစ္စာလမ်းမပေါ်တွင် ရောင်းချနေသော ဈေးဆိုင်များနှင့် အနေးယာဉ်များကြောင့် လမ်းပိတ်ဆို့၍ လမ်းသွားလမ်းလာများ အခက်ကြုံ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးပါကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်)

စည်ပင်မြေ ကျူးကျော်အုတ်ပေါင်ခတ်မှု ဆောင်ရွက်ပြီးစီး

၁၂-၁-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် (၁၉)ရပ်ကွက် မာလာမြိုင်နှင့် အောင်သပြေလမ်းထောင့်တွင် မြက်ခင်းအလှစိုက်ရန် ကတ္တရာလမ်းအထိ စည်ပင်မြေကျူးကျော် အုတ်ပေါင်ခတ်ထား၍ လမ်းပိတ်ဆို့** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ (ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ)

စီးပွားဖွံ့ဖြိုး ဝင်ငွေတိုးစေမည့် ဝါးပိုးဝါး

ရန်ကုန် မေ ၁၇

ဇရာဝတီတိုင်း မြောက်ဘက်အစွန်က မြို့ကြီးခင်း..... ဧရာဝတီမြစ် အနောက်ဘက်ခြမ်းတွင် တည်ရှိသည်။ ပြည်မြို့မှလာရောက်ပါက နဝဒေးတံတားကျော်ဖြတ်လျှင် ရောက်သည်။ ရန်ကုန်မှလာပါက ဘုရင့်နောင်တံတား၊ ဗိုလ်မြတ်ထွန်းတံတားနှင့် ငဝန်မြစ်ကူးတံတား သုံးစင်းကျော်လျှင် ရောက်သည်။

ဝါးပိုးဝါး

လွန်ခဲ့သော မေ ၁၀ရက်က ဖြစ်ပါ၏။ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးရီက ကွန်ချောင်းရေလှောင်တမံမှ ဆည်ရေများပေးဝေပုံကို လိုက်လံပြသပေးရင်း ကြံခင်း မြို့နယ်အပိုင် ရွှေပန်းတောင်းကျေးရွာသို့ ရောက်ရှိခဲ့သည်။ အနောက်ရိုးမတောင်ခြေမှ စတင်စီးဆင်းလာသော ''ပရှဉ်းချောင်း'' ဝဲနှင့် ယာဘက် နှစ်ဖက်စလုံးတွင် ဝါးပိုးဝါးရုံပင်များဖြင့် နေပြောက်မထိုးနိုင်အောင်ပင် ပြည့်နှက်နေသည်ကို တွေ့ရသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

ကွန်ချောင်းရေလှောင်တမံ ဆည် ရေမြောင်း ဝဲ၊ ယာ တစ်လျှောက် ပေါက်ရောက် နေသည့် ဝါးပိုးဝါးရုံပင်များကို ဤသို့တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

သတင်းခရီးသည်နှင့် ဓာတ်ပုံ
အောင်သန်း(မင်္ဂလာတောင်ညွန့်)

စာမျက်နှာဖွဲ့စည်းမှု
တိုးလွင် (မြန်မာ့အလင်း)

မြန်မာ့အလင်း **လမ်းလျှောက်ခြင်းနှင့် ကျန်းမာရေး**

နေ့စဉ်နံနက်ပိုင်း နာရီဝက်ခန့် လမ်းလျှောက်ပေးပါလျှင် ရုတ်တရက်လေဖြတ်ခြင်းမှ ကင်းဝေးနိုင်

နေ့စဉ်နာရီဝက်ခန့် လမ်းလျှောက်ခြင်း အလေ့အကျင့်ကို ပုံမှန်ပြုလုပ်ပေးပါက ရုတ်တရက် လေဖြတ်ခြင်းမှ ကင်းဝေးစေမည် ဖြစ်ကြောင်း ဗြိတိသျှ ဆေးသိပ္ပံ ပညာရှင်များက ပြောကြားသည်။

အထောက်အကူပြု

အထူးသဖြင့် နေ့စဉ်နံနက်ပိုင်း နာရီဝက်ခန့် လမ်းလျှောက်ခြင်းကြောင့် နှလုံးကျန်းမာရေးကို အထောက်အကူပြုသည့်အပြင် ခန္ဓာကိုယ် သွေးလည်ပတ်မှုကောင်းမွန်စေကြောင်း၊ ထို့အပြင် သွေးအတွင်း အဆီပိ ဓာတ်ထွက်မှုကို ဖယ်ရှားပေးနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

ညအချိန် အိပ်စက်ထားခြင်းကြောင့် ခန္ဓာကိုယ်အစိတ်အပိုင်းများ လှုပ်ရှားမှုငြိမ်သက်နေခဲ့သဖြင့် နံနက်ပိုင်းအိပ်ရာထချိန်၌ လမ်းလျှောက် ခြင်းမှာ အကောင်းဆုံး ကိုယ်လက်လေ့ကျင့်ခန်းပင် ဖြစ်ကြောင်း သိရသည်။

ပိုမိုကောင်းမွန်

နံနက်ပိုင်းလမ်းလျှောက်ခြင်းကြောင့် နှလုံးကြွက်သားများ လန်းဆန်း ခိုင်မာပြီး နှလုံး၏လုပ်ငန်းစဉ်များကို ပိုမိုကောင်းမွန်စွာ ပြုလုပ်နိုင်စေရန် အထောက်အကူပြုစေနိုင်ကြောင်း ဗြိတိသျှဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။ *(အင်တာနက်)*

အနောက်တောင်မုတ်သုံလေ ဝင်ရောက်ပြီးဖြစ်

(မေ၁၇ရက် မွန်းလွဲ၁၂နာရီခွဲ ထုတ်ပြန်ချက်)

နေပြည်တော် မေ ၁၇

လွန်ခဲ့သော ၂၄နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ တောင်ပိုင်းဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ညောင်လေးပင်မြို့နယ်တွင် ဘိုင်းဒါးတံတား တည်ဆောက်ဖွင့်လှစ်ပေးခဲ့ မော်တော်ယာဉ်များ ရာသီမရွေး သွားလာနိုင်ကြပြီ

ကုန်စည်စီးဆင်းမှု ပိုမိုသွက်လက်မြန်ဆန်ပြီး ဒေသခံပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာ

သတင်းမှတ်စုနှင့် ဓာတ်ပုံမှတ်တမ်း
သတင်းထောက် ပိန်းဇလုပ်သိန်းညွန့်

စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ (မြန်မာ့အလင်း)

ရန်ကုန် မေ ၁၇

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးလာစေရန် လမ်းနှင့်တံတားများကို နိုင်ငံတော် တစ်နံတစ်လျား၌ တည်ဆောက် ဖောက်လုပ်ပေးခဲ့ရာ ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ရန်ကုန်- မန္တလေးကားလမ်းပေါ်ရှိ ဘိုင်းဒါးတံတားသည်လည်း အပါအဝင်ဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၅ ✱

18-5 (20).pmd 1 5/18/2009, 2:18 AM